ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ရက်၊ ဗုဒ္ဓဟူးနေ့၊ (23-6-2010) (မြ၃၇၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဇယ်ဂ့်ကိုဘော့စ်ညက် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဇယ်ဂ့်ကိုဘော့စ်ညက်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဂျူဗင်စီယို ဒေ ဂျေဇူးစ် မာတင်(စ်)သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျူဗင်စီယို ဒေ ဂျေဇူးစ် မာတင်(စ်)အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror
၂၃-၆-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်မှု မြှင့်တင် အိမ်နီးချင်းကောင်းဆက်ဆံမှု ဆက်လက်ထိန်းသိမ်း

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်သွယ် ဆက်ဆံလျက်ရှိသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိပြီး အပြန်အလှန်လည်ပတ်မှုများလည်း ပိုမိုဖြစ်ထွန်းနေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၁ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်သို့ ရောက်ရှိလာသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဇွန် ၂၁ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးအပါအဝင် ကဏ္ဍစုံအကျိုးတူကိစ္စရပ်များမြှင့်တင်ရေး၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုလုပ်ငန်းများ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်တို့ တွေ့ဆုံကြပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ်တိုးမြှင့်ခိုင်မာရေး၊ အိမ်နီးချင်းကောင်းပီသသောဆက်ဆံမှုများကို ဆက်လက်ထိန်းသိမ်းရေး၊ အဆင့်မြင့်ကိုယ်စားလှယ်များ အပြန်အလှန် ပုံမှန်သွားလာလည်ပတ်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့အပြင် မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး သဘောတူညီချက်များ နှစ်ဖက်အပြန်အလှန် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရေး၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဒေသတွင်းနှင့် နှစ်နိုင်ငံအကြား လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေးနှင့် နှစ်နိုင်ငံ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

သို့ဖြစ်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၏ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနှင့်လာအို နှစ်နိုင်ငံပြည်သူတို့အကြား ဖြစ်တည်နေသည့် ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ခိုင်မာစေပြီး နှစ်နိုင်ငံစီးပွားကုန်သွယ် အကျိုးတူကိစ္စရပ်များ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၂

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် တောင်ကုတ်မြို့ ငမောက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ တာဝန်ရှိသူများက ကျောင်းဆောင်သစ်မှ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက ကျောင်းဆောင်သစ် ကမ္ပည်းကျောက်စာတိုင်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ကျောင်းဆောင်သစ် ကမ္ပည်းကျောက်စာတိုင်ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ကျောင်းဆောင်သစ်အတွင်း ကြည့်ရှုစစ်ဆေး၍ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ကျောင်းဆောင်သစ်ဆိုင်ရာ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ကျင်းပရာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ကျောင်းအဆောက်အအုံနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးက ကျောင်းအတွက် လျှပ်စစ်မီးစက်ကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သစ်ပင်စိုက်ပျိုး

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျောင်းဝင်းအတွင်း၌ အထိမ်းအမှတ်သစ်ပင်များ စိုက်ပျိုးကြသည်။ ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် တောင်ကုတ်မြို့နယ် ချောင်းနွယ်(ဒေါက်ကျင်း) စက်မှုလက်မှုလုပ်ငန်းစက်ရုံအတွင်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဇယ်ဂျ်ကို ဘော့စ်ညက် လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းအား ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဇယ်ဂျ်ကို ဘော့စ်ညက်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဗဟိုအဆင့်ဆရာဖြစ်သင်တန်း ဖွင့်လှစ်

နေပြည်တော် ဇွန် ၂၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် UNFPA တို့ ပူးပေါင်းဆောင်ရွက်သည့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း အသိပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်းစီမံချက် RH/IEC / BCC ဗဟိုအဆင့် ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁/၂၀၁၀) ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ UNFPA မှ လက်ထောက်ဌာနေကိုယ်စားလှယ် ဒေါ်ပင်စီထွန်းသိန်းက UNFPA မှ ဆောင်ရွက်သော မျိုးဆက်ပွားကျန်းမာရေး စီမံချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

သင်ကြားပို့ချ

အဆိုပါ သင်တန်းသို့ ကချင်ပြည်နယ်ရှိ ဗန်းမော်နှင့် မိုးညှင်း၊ စစ်ကိုင်းတိုင်းရှိ ကသာနှင့် ဟုမ္မလင်း၊ ပဲခူးတိုင်း (အရှေ့ပိုင်း)ရှိ ကျောက်တံခါး၊ ရခိုင်ပြည်နယ်ရှိ သံတွဲနှင့် ချင်းပြည်နယ်ရှိ မင်းတပ်မြို့နယ်တို့မှ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇွန် ၂၁ ရက်မှ ၂၅ ရက် အထိ ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း အသိပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း စီမံချက် RH/IEC/BCC ဗဟိုအဆင့် ဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၁၀) ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မိုးရာသီတွင်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး စီမံချက်အရ ပေါင်မြို့နယ် အောက်ကွင်းဒေသ ထန်းပင်ချောင်ကြီးကျေးရွာတွင် ဇွန် ၅ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံကျေးရွာပြည်သူများစုပေါင်း၍ ခြင်မပေါက်ပွားနိုင်ရန် ကျေးရွာလုံးကျွတ်ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်းနှင့် ရေတွင်းရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းကို ကျေးရွာအတွင်း အဖွဲ့ရှစ်ဖွဲ့ခွဲ၍ တစ်ပြိုင်တည်း ဆောင်ရွက်ကြစဉ်။

(၅၆၅)

သင့်သွေးဖြင့် အသက်ကယ်ပါ



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဇယ်ဂျ်ကိုဘော့စ်ညက်အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။(သတင်း-ရွှေ့ဖုံး) (သတင်းစဉ်)

ခန့်အပ်လွှာ ပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တီမောလက်(စ်)တေ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဂျူဗင်စီယို ဒေ ဂျေဇူးစ် မာတင်(စ်) ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။
(သတင်း-ရွှေ့ဖုံး)
(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၅ ၁၄။ **Mail Box**
၆း၄၅ ၁၅။ ကာတွန်းအစီအစဉ်
- စွန့်စားသူတို့ပျော်စံရာ (အပိုင်း -၂၃)
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း**
-စိမ်းရောင်ခြယ်လှည်းကလေး (အပိုင်း-၂၂)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ အိုင်စီတီသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live)**
-စလိုဗေးနီးယားအသင်း နှင့် အင်္ဂလန်အသင်း
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

၂၄-၆-၂၀၁၀ ရက် (ကြာသပတေးနေ့) အစီအစဉ်

၁။ ၀၁း၀၀
၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live)
-ဂါနာအသင်းနှင့် ဂျာမနီအသင်း

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဂျူဗင်စီယို ဒေ ဂျေဇူးစ်မာတင်(စ်)သည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

လာရောက်တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျူဗင်စီယို ဒေ ဂျေဇူးစ် မာတင်(စ်) လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇွန် ၂၂

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂၄)တွင် "Political Times" အထူးအချပ်ပိုအပါအဝင် လမ်းဆုံလမ်းခွဆီက ဒီမိုကရေစီနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာမောင်ဝံသ ရေးသားသည့် နိုင်ငံရေးပါတီ စည်းရုံးရေးသင်ခန်းစာအချို့၊ ဆရာမောင်သာနု ရေးသားသည့် ပြည်သူတို့၏ မျှော်လင့်ချက်နှင့် အသည်းကြားမှမဲတစ်ပြား၊ ဆရာနောင်ဦး ရေးသားသည့် နိုင်ငံရေး၏သဘော၊ ပါတီမိတ်ဆက်ကဏ္ဍ၊ ကရင်ပြည်သူ့ပါတီမှ ဒုတိယဥက္ကဋ္ဌ(၂) ဦးစောအေးကို၊ အထွေထွေအတွင်းရေးမှူး ဦးစောစေးဝါးတို့နှင့်တွေ့ဆုံခြင်း စသည့်နိုင်ငံရေးသုံးသပ်ဆောင်းပါးများနှင့် သတင်းများ၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ အာဆီယံတို့ ပူးပေါင်းပြီး တန်ချိန်တစ်သောင်းအထက် ပင်လယ်ကူးသင်္ဘောကြီးများ အလုံသင်္ဘောကျင်းတွင် တည်ဆောက်သွားမည်၊ ရေကြောင်းအရာရှိ 2nd Mate သင်တန်း DMA နှင့် ပုဂ္ဂလိက ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်မည်၊ အယောင်ဆောင် ဘိုးတော်နှင့်အဖွဲ့က မိန်းကလေးခြောက်ဦးကို သွေးဆောင်ဖြားယောင်း ဖျက်ဆီးမှုဖြစ်ပွား၊ ပရော်ပါဂန်ဒါတော့ ပရော်ပါဂန်ဒါသို့သော်. . . ကိုရီးယားခရီးသွား ဆောင်းပါး၊ ၂၀၁၀ ရွေးကောက်ပွဲမှာ တစ်သီးပုဂ္ဂလ ဝင်ရောက်ယှဉ်ပြိုင်မှုများ၏ အခန်းကဏ္ဍ မည်သို့ရှိလာနိုင်မည်နည်း Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ပုဂ္ဂလိကဓာတ်ဆီဆိုင်များနှင့်သူတို့အမြင်၊ အောင်မြင်လာတယ်လို့မထင်ပါဘူး၊ လှေကားထစ်တစ်ထစ်တက်နေတယ်လို့ပဲမြင်တယ် မိုးယုစံနှင့် လိုတိုဗျူးစသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ရေခဲတောင်များ အရည်ပျော်ကျခြင်းကြောင့် ဟိမဝန္တာတောင်တန်း ပတ်ဝန်းကျင်ရှိ လူသန်း ၆၀ နီးပါး အစာရေစာပြတ်လပ်မှုကြုံနိုင်၊ မြောက်ကိုရီးယား အပေါ် ဒဏ်ခတ်အရေးယူမှုနှင့် ပတ်သက်ပြီး နိုင်ငံပေါင်း ၁၀၀ ကျော်က ပူးပေါင်းလုပ်ဆောင်ခြင်းမရှိ၊ ကလပ်ပိုင်ရှင်နှင့် အမျိုးသမီးအဖော် ကားပါကင်တွင် အသတ်ခံရမှု ကွာလာလမ်ပူတွင်ဖြစ်ပွား၊ မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။
(သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး အလှတိုး

အရီဇိုးနားတောမီး ၁၀ ရာခိုင်နှုန်းသာ ငြိမ်းနိုင်

ဖလက်စတပ်(အရီဇိုးနား) ဇွန် ၂၂

အမေရိကန်ပြည်ထောင်စု အရီဇိုးနားပြည်နယ် ဖလက်စတပ်မြို့၏ အရှေ့တောင်ဘက်တွင် စခန်းဟောင်းတစ်ခုမှ စတင်လောင်သော ဧက ၁၀၀၀၀ တောမီးကို ၁၀ ရာခိုင်နှုန်း ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း အာဏာပိုင်များက အင်္ဂါနေ့တွင် ပြောကြားသည်။

တနင်္ဂနွေနေ့မှ စတင်လောင်ကျွမ်းသော "ရှူ"ဟု အမည်ပေးထားသော တောမီးကို မီးသတ်ဝန်ထမ်း ၈၀၀ တို့က ဆက်လက်ငြိမ်းသတ်နေစဉ် အိမ်ခြေ ၇၅၀ ရှိ နေထိုင်သူများအား နေရာရွှေ့ပြောင်းပေးရေးအတွက် တနင်္လာနေ့က ညွှန်ကြားခဲ့သည်။ မည်သည့် အဆောက်အအုံတစ်လုံးမျှ မီးလောင်ခြင်းမရှိဟု ဆိုသည်။

ငြိမ်းသတ်

၎င်းတောမီးသည် ဖလက်စတပ်မြို့၌ နှစ်ရက်အတွင်း ဒုတိယအကြိမ်လောင်ခြင်းဖြစ်သည်။ ယင်းမြို့၏ အရှေ့တောင်ဘက်၌လောင်သော "ဟာဒီ" တောမီးကြောင့် အိမ်ခြေ ၁၁၆ လုံးမှ မိသားစုများကို နေရာရွှေ့ပြောင်းပေးခဲ့သည်။ ယခုတွင် ယင်းဧက ၃၀၀ တောမီးပတ်ပတ်လည်၌ မီးသတ်ဝန်ထမ်းများ ဝိုင်းဝန်းငြိမ်းသတ်နေပြီဖြစ်၍ အဆိုပါ ရွှေ့ပြောင်းပေးခဲ့သူများမှ အချို့ကို ၎င်းတို့နေအိမ်များသို့ ပြန်ခွင့်ပြုထားပြီဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် ဖလက်စတပ်မြို့၌ တောမီးလောင်ကျွမ်းနေသည်ကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အယ်လ်ဆာဗေဒိုရ်၌ ဘတ်စ်ကား တိုက်ခိုက်မီးရှို့ခံရ ခရီးသည် ၁၄ ဦးသေဆုံး

အယ်လ်ဆာဗေဒို ဇွန် ၂၂

အယ်လ်ဆာဗေဒိုနိုင်ငံ မြို့တော်ဆန်ဆာဗေဒိုမြို့စွန်တွင် လူဆိုးဂိုဏ်းသားများက ဘတ်စ်ကားတစ်စီးကို သေနတ်ဖြင့်ပစ်၊ ဓာတ်ဆီဖြင့်ပက်၍ မီးတင်ရှို့ခဲ့ခြင်းကြောင့် အနည်းဆုံးခရီးသည် ၁၄ ဦး သေဆုံးခဲ့သည်။ ဤလုပ်ရပ်ကို နိုင်ငံတော်သမ္မတက အကြမ်းဖက်ခြင်းဖြစ်ကြောင်း တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ထိုတိုက်ခိုက်မှုတွင် တနင်္ဂနွေနေ့နှောင်းပိုင်းက ရဲတပ်ဖွဲ့ဝင်များက ကားတံခါးများကို ချိုးဖျက်၍ ၁၃ ဦးကို အသက်အန္တရာယ်မှ ကယ်တင်နိုင်ခဲ့သည်။ ၁၆ ဦးမှာ ဒဏ်ရာရရှိခဲ့ပြီး အချို့မှာ မီးတောက်များအကြား သေဆုံးခဲ့ကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဆန်ဆာဗေဒိုမြို့အပြင်ဘက် ဒေသန္တရအုပ်ချုပ်ရေးအောက်တွင်ရှိသော မီဂျီကာနို့စ်၏လူဆိုးဂိုဏ်းများ မင်းမူရာ နယ်မြေအတွင်း၌ အဆိုပါဖြစ်ရပ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူအနည်းဆုံး ၁၄ ဦးရှိကြောင်း အမျိုးသားရဲတပ်ဖွဲ့အကြီးအကဲ ကားလို့စ်အက်ဆင်းစီယိုက ပြောကြားသည်။

ယင်းသို့ဖြစ်ပြီးနောက်တွင် လူဆိုးဂိုဏ်းသားများသည် ထိုရပ်ကွက်အတွင်းမှာပင် နောက်ထပ်ဘတ်စ်ကားတစ်စီးကို ပစ်ခတ်ရာ နှစ်ဦးသေဆုံးခဲ့သည်။

အဆိုပါဘတ်စ်ကားကို မီးရှို့တိုက်ခိုက်ခဲ့ကြသော လူဆိုးဂိုဏ်းဝင်ရှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းတို့တွင် အမျိုးသမီးတစ်ဦးနှင့် အရွယ်မရောက်သူနှစ်ဦး ပါဝင်ကြောင်း အက်ဆင်းစီယိုက ပြောသည်။

ဤတိုက်ခိုက်မှုသည် အကြမ်းဖက်သမားတို့၏ လုပ်ဆောင်မှုပုံစံမျိုးဖြစ်ကြောင်း၊ မည်သည့်အတွက် ထိုသို့တိုက်ခိုက်ကြသည်ကို စတင်စုံစမ်းစစ်ဆေးနေပြီဖြစ်ကြောင်း တရားရေးဝန်ကြီးဌာန ဝန်ကြီး မန်ချူရယ်မဲလ်ဂါက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘရာဇီးတွင်ရေကြီး၊ ၃၉ ဦးသေဆုံး ၁၀၀၀ ပျောက်ဆုံးလျက်ရှိ

ရီယိုဒီဂျနေရိုး ဇွန် ၂၂

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်းတွင် နေ့စဉ်ရက်ဆက် မိုးသည်းထန်စွာရွာပြီးနောက် ရေလွှမ်းလာသဖြင့် အနည်းဆုံး ၃၉ ဦးသေဆုံးပြီး ၁၀၀၀ ပျောက်ဆုံးကာ ၁၀၀၀၀၀ အိုးမဲ့အိမ်မဲ့ ဖြစ်ရကြောင်း အာဏာပိုင်များက ပြောကြားသည်။

သမ္မတ လူးဝစ်အင်နာစီယိုလူလာဒါဆီးလ်ဗားက အင်္ဂါနေ့တွင် အစိုးရအဖွဲ့အရေးပေါ် အစည်းအဝေးခေါ်ယူထားပြီး အိုးအိမ်မဲ့နေသူများအား ကူညီရန်အတွက် ဗဟိုရန်ပုံငွေတစ်ရပ်ကို အစိုးရက ထူထောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အလာဂိုးအက်စ်ပြည်နယ်တွင် ယခုအချိန်အထိ ၂၆ ဦး သေဆုံးသည်ဟု အတည်ပြုကြောင်း၊ ၁၀၀၀ ကျော်မှာ ပျောက်ဆုံးလျက်ရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး တီယိုတိုနီယိုဗီလီလာဖီလ်ဟို၏ ပြောကြားချက်များကို နိုင်ငံပိုင်အေဂျင်စီယာ ဘရာစီးလ်သတင်းဌာနက ဖော်ပြသည်။

အကြီးအကျယ် ပျက်စီးနေသော အလာဂိုးအက်စ်ပြည်နယ်မှ မြို့ပြကာကွယ်ရေးတာဝန်ရှိသူများက ယူနီယာအိုဒို့စ်ပါးလ်မားရီးစ်မြို့တွင် မန်ဒါအူမြစ်တာရိုးများ ကျိုးပေါက်သွားရာ အနည်းဆုံး လူ ၅၀၀ ခန့် ရှာဖွေမတွေ့သေးကြောင်း ပြောကြားသည်။

ပါနန်ဗူကို ပြည်နယ်မှမြစ်များသည် အလာဂိုးအက်စ်ပြည်နယ်ကို ဖြတ်သန်းစီးဆင်းသဖြင့် ယင်းပြည်နယ်အတွင်းမှ မြို့ရွာများမှာ ရေလွှမ်းပြီးပျက်စီးခြင်းဖြစ်ကြောင်း ဗီလီလာက ရှင်းပြသည်။

ပါနန်ဗူကို ပြည်နယ်၌လည်း ယခုအချိန်အထိ သေဆုံးသူ ၁၃ ဦးရှိပြီဟုသာ အတည်ပြုနိုင်သေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အလာဂိုးအက်စ်ပြည်နယ်တစ်ခုလုံး၏ မြို့ပေါင်း ၂၂ မြို့တွင် အဟုန်ပြင်းထန်စွာစီးဆင်းလာသောရေများက အိမ်ခြေ ၄၀၀၀၀၊ တံတားများ၊ လမ်းများ၊ မီးရထားလမ်းများကို တိုက်စားသွားကြောင်း ဗီလီလာကပြောသည်။

အချို့သောမြို့များမှာ အတော်အတန်ပျက်စီးခြင်း သို့မဟုတ် ရေကြီးသဖြင့် အဆက်အသွယ် ပြတ်တောက်ခြင်းတို့နှင့် ရင်ဆိုင်နေရစဉ် မန်ဒါအူမြစ်ဘေးမှ မြို့များမှာ အိုးအိမ်များကို အစအနပင် ရှာမတွေ့ရတော့ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း အလာဂိုးအက်စ်ပြည်နယ်တွင် ရေကြီးမှုဖြစ်ပွားနေသည်ကို ဇွန် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

အယ်လ်ဆာဗေဒိုနိုင်ငံ ဆန်ဆာဗေဒိုဒေသ၌ ရဲတပ်ဖွဲ့ဝင်များဖမ်းဆီးခဲ့သော ဘတ်စ်ကားတိုက်ခိုက်မှုတွင်ပါဝင်သည့် သံသယရှိသူများကို ဇွန် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂါနာ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီး၊ လူ ၃၅ဦး ရေနစ်သေဆုံး

အက်ကရာ ဇွန် ၂၂

ဂါနာနိုင်ငံမြို့တော် အက်ကရာအရှေ့ဘက် ကီလိုမီတာ ၃၀အကွာရှိ ဆိပ်ကမ်းမြို့ တီမာတွင် ဇွန် ၂၀ ရက်က မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် လူ ၃၅ ဦး သေဆုံးကြောင်း တနင်္လာနေ့တွင် တာဝန်ရှိသူများက ပြောကြားသည်။

တနင်္ဂနွေနေ့က မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးမှုဖြစ်ပွားရာ လူ ၃၅ ဦး ရေနစ်သေဆုံးကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။

မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် နေအိမ်အများအပြားရေမြုပ်ခဲ့ပြီး ဒေသခံထောင်နှင့်ချီ၍ အိုးအိမ်မဲ့ဖြစ်ရကာ ဂါနာနှင့် တိုဂိုနိုင်ငံတို့ကို ဆက်သွယ်ထားသော တံတားတစ်စင်းသည် ကျိုးကျခဲ့သည်။ အနောက်အာဖရိကနိုင်ငံ နှစ်နိုင်ငံမှ ခရီးသွားလာမှု အဆက်အသွယ်ပြတ်တောက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကွန်ဂိုတောထဲ၌ လေယာဉ်ပျက်တစ်စင်းတွေ့ရှိ

ပေကျင်း ဇွန် ၂၂

လေယာဉ်ပျက်တစ်စင်းကို ကင်မရွန်းနိုင်ငံနယ်စပ်မှ ၁၀ ကီလိုမီတာအကွာ ကွန်ဂိုနိုင်ငံ တောထဲ၌ တွေ့ရှိခဲ့ကြောင်း ကင်မရွန်းအစိုးရက သတင်းထုတ်ပြန်ခဲ့သည်။ ထိုလေယာဉ်၌ မိုင်းလုပ်ငန်းအလုပ်အမှုဆောင်အဖွဲ့အပါအဝင် ခရီးသည် ၁၁ ဦး လိုက်ပါလာကြသည်ဟု သိရသည်။

ရက်သတ္တပတ်ကုန်ကတည်းက ပျောက်ဆုံးနေသော အဆိုပါလေယာဉ်ကို နှစ်နိုင်ငံ သက်ဆိုင်ရာဌာန တာဝန်ရှိသူများက လိုက်လံရှာဖွေလျက်ရှိကြောင်း၊ လေယာဉ်ပျက်ကို တွေ့ရှိပြီဖြစ်ကြောင်း ကင်မရွန်းနိုင်ငံ မြို့တော်ယောင်ပေး၌ ဇွန် ၂၁ ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ပြန်ကြားရေးဝန်ကြီး ဘာကာရီက ထုတ်ပြန်ကြေညာခဲ့သည်။

တစ်ခဏတာအတွင်း၌ အလောင်းကိုးလောင်းမှ ၁၀ လောင်းထိ သယ်ထုတ်နိုင်ခဲ့သည်ဟု ၎င်းက ပြောကြားခဲ့သည်။ အဆိုပါအလောင်းများကို ယခုအချိန်အထိ မည်သူမည်ဝါဖြစ်ကြောင်း အတည်မပြုနိုင်ကြောင်း၊ လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို ဖော်ပြပေးနိုင်သော လေယာဉ်၏သေတ္တာနက် စိစစ်စစ်ဆေးနေမှုကို အာဏာပိုင်များက စောင့်ကြည့်လျက်ရှိကြောင်း သတင်း၌ ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဂျာမန်စစ်သွေးကြွတစ်ဦး ဖမ်းမိ

ဒီရာအစ္စမေးလ်ခန်(ပါကစ္စတန်) ဇွန် ၂၂

အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်အနီး ပါကစ္စတန်စစ်သွေးကြွတို့ ခိုအောင်းရာအချက်အချာ ဒေသမှထွက်ခွာလာသော အယ်လ်ခိုင်ဒါအဖွဲ့ဝင်ဟု သံသယရှိသူ ဘာကာခေါ် မူဆလင်အမျိုးသမီး ဝတ်ဆင်သည့် ခေါင်းဖုံး၊ ခြေဆုံးအင်္ကျီရှည်ကြီးဝတ်ထားသော ဂျာမန်တစ်ဦးကို တနင်္လာနေ့တွင် ဖမ်းဆီးခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။

အသေခံဗုံးခွဲ အင်္ကျီလုပ်ရာတွင် ကျွမ်းကျင်သူဟု စွပ်စွဲခံရသော အသက် ၂၇နှစ်ရှိ အဆိုပါ ဂျာမန်သည် လွန်ခဲ့သည့် လအနည်းငယ်က အိမ်နီးချင်းအာဖဂန်နစ္စတန်နိုင်ငံမှ ပါကစ္စတန်နိုင်ငံအတွင်းသို့ ဖြတ်သန်းဝင်ရောက်လာခဲ့ကြောင်း အမည်မဖော်လိုသူ ထောက်လှမ်းရေးအရာရှိများက ပြောကြားသည်။

မြောက်ဝါဇီရစ္စတန်နှင့် နယ်ချင်းဆက်စပ်လျက်ရှိသည့် ဘန်နျူးခရိုင်အတွင်းမှ စစ်ဆေးရေး စခန်းတစ်ခု၌ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၎င်းစီးနင်းလိုက်ပါလာသော ကားပေါ်တွင် ဒေသခံအမျိုးသားတစ်ဦးနှင့် သူ၏သမီးငယ်တစ်ဦးလည်းပါသည်ဟု ရဲတပ်ဖွဲ့အရာရှိ ဂူလန်ဖာရစ်ကပြောသည်။

၎င်းဂျာမန်သည် ပါကစ္စတန်နိုင်ငံကူးလက်မှတ်အတုကို ကိုင်ဆောင်၍ သွားလာနေခြင်းဖြစ်ကြောင်း ထောက်လှမ်းရေးအရာရှိများက ပြောသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သော နီပေါနိုင်ငံသားဦးရေ ၃၅ ဒသမ ၁၁ ရာခိုင်နှုန်းအထိတိုးမြင့်

ခတ္တမန္ဒူ ဇွန် ၂၂

နီပေါနိုင်ငံတွင် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သူဦးရေသည် ပြီးခဲ့သော ၁၁ လတာကာလ၌ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၃၅ ဒသမ ၁၁ ရာခိုင်နှုန်း တိုးမြင့်လာသည်ဟု ဒေသဆိုင်ရာ ရီပတ်ဘလစ်သတင်းက ဇွန် ၂၂ ရက်တွင် ဖော်ပြထားသည်။

ပြည်ပအလုပ်သမား ဦးစီးဌာနမှ စုဆောင်းထားသော စာရင်းအရ ၂၀၀၉ ခုနှစ် ဇူလိုင်လမှ ၂၀၁၀ ခုနှစ် ဇွန်လလယ်အထိ ပြည်ပရောက်အလုပ်သမားဦးရေသည် ယမန်နှစ်အလားတူကာလကထက် ပိုမိုများပြားလာပြီး စုစုပေါင်း ၂၆၃၅၇၀ ရှိကြောင်း၊ ယမန်နှစ်က ၁၉၅၁၁၆ ဦးသာရှိကြောင်း သတင်းစာ၌ ဖော်ပြထားသည်။

နီပေါအလုပ်သမားများ အဓိကသွားရောက်လုပ်ကိုင်သော နိုင်ငံများမှာ ကာတာ၊ မလေးရှား၊ အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ ဖြစ်သည်။ ကာတာတစ်နိုင်ငံတည်းသာ သွားရောက်သူဦးရေကျဆင်းခဲ့ရာ ၆၅၇၇၅ ဦးမှ ၅၂၈၂၅ ဦးအထိ လျော့ကျခဲ့သည်။ သို့သော်လည်း မလေးရှား၊ ယူအေအီးနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သို့ သွားရောက်သူဦးရေမှာ တိုးမြင့်ခဲ့သည်။

ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သော နီပေါနိုင်ငံသားဦးရေမှာ ပြီးခဲ့သောလက ၂၉၁၄၀ ရှိရာမှ မေလလယ်မှ ဇွန်လလယ်အထိ တစ်လတာအတွင်း ၃၁၆၃၆ ဦးအထိ တိုးမြင့်လာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဥပ္ပါတသန္တိစေတီတော်အား ဖူးမြော်ကြည်ညို

လှည့်လည်ကြည်ညို

လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ လှည့်လည်ကြည်ညိုစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ည ၈ နာရီ ၁၅ မိနစ်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. SOUPHAKHET နှင့် တာဝန်ရှိသူများလိုက်ပါလျက် နေပြည်တော်၌ တည်ထားကိုးကွယ်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်သို့ရောက်ရှိကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကိုနှင့် စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကပ်လှူပူဇော်

ရှေးဦးစွာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်းရှိ ဖွား၊ ပွင့်၊ ဟော၊ စံ မြန်မာ့ကျောက်ထွင်းပန်းချီများ၊ လိုဏ်တော်မျက်နှာကြက်တော်ရှိ သစ္စာလေးပါး တရားတော်တို့ကို လှည့်လည်ကြည်ညိုကြပြီး စေတီတော်လိုဏ်တော်အတွင်း အရှေ့အရပ်မျက်နှာ၌ရှိသော မဟာမဏိမယဂေါတမဗုဒ္ဓရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းတို့ကို ကပ်လှူပူဇော်ကြသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းက စေတီတော်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော်အတွက် အလှူငွေများပေးအပ်ရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကိုက လက်ခံ၍ စေတီတော်ပုံတူကျောက်စီပန်းချီကားနှင့် ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး မှတ်တမ်းဗွီစီဒီတို့ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ကာ ဧည့်သည်တော် လာအိုဝန်ကြီးချုပ်နှင့်အဖွဲ့သည် စေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၀၅ ၇။ "အကျိုးပြုအားမာန်ဆည်ရေလှောင်တမံ(ရင်းရှည်)"
- ၈း၁၀ ၈။ အတီးပြိုင်ပွဲ
- ၈း၁၅ ၉။ "ဇင်ဇင်နှင့်ခြင်ကျား"
- ၈း၂၅ ၁၀။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄း၁၅ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ သီချင်းကြီးပဒေသာ
- ၅း၀၀ ၇။ တေးဂီတအစီအစဉ်
- ၅း၁၀ ၈။ သဘာဝပတ်ဝန်းကျင်နှင့်ကြွပ်ကြွပ်အိတ်
- ၅း၂၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅း၃၀ ၁၀။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၅း၄၀ ၁၁။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်)
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၄။ မြန်မာ့ခလေ့ရိုးရာလက်ဝှေ့
- ၆း၄၅ ၁၅။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇း၁၅ ၁၆။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
- ၇း၄၅ ၁၇။ အလင်္ကာကျော်စွာရွှေပြည်အေးနှစ်(၁၀၀)ပြည့်တေးဂီတအစီအစဉ် (အပိုင်း-၂)
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၈း၂၀ ၁၉။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အမေရိကန်အသင်းနှင့် အယ်လ်ဂျီးရီးယားအသင်း)
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ ပြည်ထောင်စုခရီးရှည် (ရာဇာဝင်းတင့်၊ သက်မွှုဟေသီ၊ တေးရေး-မောင်မောင်ဇော်ဝင်း)
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၅၃)**
- ၂၃။ **မြန်မာဗီဒီယိုဇာတ်လမ်း "ရွှေလက်ဖြင့်ခေါ်ချင်ပါသည်" (ရဲအောင်၊ သဇင်၊ မေသဥ္ဇာဦး) ဒါရိုက်တာ-သန်းဇော်-စန္ဒရား)**

၂၄-၆-၂၀၁၀(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၁း၀၀ ၂၄။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (သြစတြေးလျအသင်းနှင့် ဆာဗီးယားအသင်း)
- ၂၅။ အစီအစဉ်ပြီး၏။

ကညွတ်ကွင်းတိုက်နယ်ပြည်သူ့ဆေးရုံ တိုင်းမှူး ဗိုလ်ချုပ်လှမင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၂

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ကညွတ်ကွင်းတိုက်နယ်ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် စိန်တုံးကျေးရွာရှိ မိုးစပါးစုပေါင်းထွန်ယက် စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ မိုးစပါးစုပေါင်းစိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးသည်။

နှမ်းစိုက်ပျိုးမှုကြည့်ရှု

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျုံလဟာကျေးရွာရှိ တောင်သူတစ်ဦး၏ နှမ်းစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ကျုံလဟာ ရေထိန်းတာပေါင် လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးဦးကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေယာဉ်များလုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံရှိ မြစ်များ၏ ရေနည်းရာသီကာလ ကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရောက်ရှိပြီဖြစ်၍ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလများတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမွှာပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန် အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ရာသီဥတုဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများဖြစ်ပေါ်နိုင်သည်။ ရေအနက် မလုံလောက်သည့် ရေမွှာပေါက် ဖြတ်လမ်းများအား အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ ဂရုပြုမောင်းနှင်ကြရန် လိုအပ်သည်။

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အဝင် ရေလမ်းကြောင်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့်အပေါက်၌ အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားပြီး မဝင်ရမည့်အပေါက်၌ အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသထားသည်။ ရေမြုပ်နေသည့် ရေလယ်တိုင်အုတ်ခုံများကို အနီရောင်မြားဖြင့် တံတားပေါင်ပေါ်မှ ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေပြီဖြစ်ပြီး ရေလယ်တိုင် နှစ်ခုကြား၌ ရေစီးသန်မည်ဖြစ်သဖြင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့် တက်မထိန်းစနစ်များကို ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန်နှင့် တံတားအဝင်ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်သည်။ အထူးသဖြင့် နှစ်စင်းတွဲ တွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင်ဝန်အားနှင့် စက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများအား ဖြတ်သန်းရာတွင် တွဲနှစ်တွဲဖြင့် ဖြတ်သန်းခြင်း မပြုလုပ်ဘဲ တွဲတစ်တွဲခြင်းဖြင့်သာ ဖြတ်သန်းကြရန် လိုအပ်သည်။

ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများ ဖြစ်ပေါ်သည့်အခါ ရေယာဉ်များအနေဖြင့် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အထူးဂရုပြုမောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြင်ဦးလွင်မြို့သို့ ထွက်ခွာ

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် နေပြည်တော်၌ ရောက်ရှိနေသည့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြင်ဦးလွင်မြို့သို့ ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)



လာရောက်တွေ့ဆုံ

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီး H.E. Mr. Sommad Pholsena နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (ဆောက်လုပ်ရေး)

ဝန်ကြီး ဦးခင်မောင်မြင့်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီး H.E . Mr. Sommad Pholsena နှင့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ-လာအို နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားနှင့် ဆက်သွယ်မည့် လမ်းကိစ္စရပ်များ၊ မဲခေါင်မြစ်ဖြတ်၍ ရေကာတာ တည်ဆောက်ရေးနှင့် ရေအား လျှပ်စစ်ထုတ်ယူရေးကိစ္စများ၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးအတွက် လေကြောင်းပို့ဆောင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ဝန်ကြီး ဦးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဌာန ဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ပညာပေးဟောပြော

ရန်ကုန် ဇွန် ၂၂

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)၏ စီစဉ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇွန် ၂၁ ရက်က မထသ(ရုံးချုပ်)သင်တန်းခန်းမ၌ ကျင်းပရာ မထသကော်မတီဝင်များ၊ ဝန်ထမ်းများ၊ ယာဉ်ပိုင်ရှင်များနှင့် ယာဉ်လုပ်သားများ တက်ရောက်ကြပြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ဟောပြော

ထို့နောက် စာရေးဆရာ တက္ကသိုလ်တင်ခက ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားနှင့် ဝန်ထမ်းများ စိတ်စေတနာကောင်းထားရှိပြီး သတ်မှတ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာခြင်းဖြင့် ယာဉ်အန္တရာယ်မှ ကင်းဝေးနိုင်ကြောင်း ဟောပြောခဲ့သည်။

(အောက်ပုံ)(မထသရုံးချုပ်)

အထက(၁)သာကေတ၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်း သာကေတမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြဝတီခန်းမ၌ မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇွန် ၂၁ ရက်က ကျင်းပရာ ပညာရေးဝန်ကြီးဌာန ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေး လုပ်ငန်းအဖွဲ့တွဲဖက် အတွင်းရေးမှူး (ညွှန်ကြားရေးမှူး) ဦးစိန်မြင့်၊ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဦးကြည်နှင့်အဖွဲ့ဝင်များက ဟောပြောပို့ချသည်။

တက်ရောက်

အဆိုပါဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းတင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး အတွင်းအပြင် သန့်ရှင်းသပ်ရပ်မှုနှင့် ဈေးဆိုင်ခန်းများစနစ်တကျ ရောင်းချနေမှုကို ရှမ်းပြည်နယ် (မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ် စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဝန်ထမ်း၊ သင်တန်းများ စစ်ဆေးအမှာစကားပြောကြား

ရန်ကုန် ဇွန် ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုသည် ဇွန် ၂၁ ရက် နံနက် ၈ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများဖွင့်လှစ်လျက်ရှိသည့် စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၃၇)၊ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၃၈)၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၆၆)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၆၇)တို့မှ စုစုပေါင်းသင်တန်းသား ၁၂၃ ဦး၊ ဗဟိုလေ့ကျင့်ရေးကျောင်းရှိ ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်း ၇၀ တို့အား တွေ့ဆုံပြီး ဝန်ထမ်းဆိုင်ရာကိစ္စများ၊ သင်ကြားလေ့ကျင့်ရေးဆိုင်ရာ ကိစ္စများကို တွေ့ဆုံဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် စာသင်ခန်း၊ အိပ်ဆောင်များ၊ စားရိပ်သာတို့ကိုလည်းကောင်း၊ သန့်ရှင်းသာယာလှပမှုဖြစ်သော စိုက်ပျိုးပင်များ စိုက်ပျိုးထားရှိမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(နယ်စပ်/စည်ပင်)

ဖေဖဲမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် အရိပ်ရပင်၊ ပန်းအလှပင်များ ပြုစုပျိုးထောင်ထားရှိမှုအခြေအနေကို တာဝန်ခံ အင်ဂျင်နီယာ ဦးထွန်းမင်းသန့် ရှင်းလင်းတင်ပြရာ အမှုဆောင်အရာရှိ ဦးသိန်းဌေး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

လှူဒါန်း

ဇွန် ၂၀ ရက်က စိတ်ကျန်းမာရေး ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လူနာများအတွက် ကျပ် ခုနစ်သိန်း တန်ဖိုးရှိ ထမင်းဟင်းတို့ကို ရန်ကုန်မြို့ လသာမြို့နယ် (၂၃)လမ်းနေ ဦးကျော်သိန်း၊ ဒေါ်ခင်အေးမိသားစုက သွားရောက်လှူဒါန်းရာ သူနာပြုဆရာမကြီး ဒေါ်မြင့်မြင့်ဦး လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(ကြေးမုံ)

*** ကျောဖုံးမှ**

(ဂ) အပိုဒ်ခွဲ (က)နှင့် (ခ)ပါ မြို့နယ်များမှအပ ကျန်မြို့နယ်များအတွက် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ။

၆။ ပါတီဌာနချုပ်နှင့် ပါတီရုံးခွဲများတွင် စုဝေးခြင်း၊ ဟောပြောခြင်းများကို ပြုလုပ်လိုပါက ခွင့်ပြုချက် လျှောက်ထားရန်မလိုဘဲ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့များသို့ အနည်းဆုံး ခုနစ်ရက် ကြိုတင်၍ အသိပေးတင်ပြရန်ဖြစ်သည်။

၇။ **လျှောက်ထားခွင့်ရှိသူများ။** အထက်အပိုဒ် ၅ အရ လျှောက်ထားရာတွင် သက်ဆိုင်ရာ နိုင်ငံရေးပါတီ၏ ဌာနချုပ်၊ ပြည်နယ် သို့မဟုတ် တိုင်း၊ ခရိုင်၊ မြို့နယ် ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးကဖြစ်စေ၊ ၎င်းအဆင့်များနှင့်တူညီသော တာဝန်ယူထားသည့် ပုဂ္ဂိုလ်ကဖြစ်စေ လက်မှတ်ရေးထိုး လျှောက်ထားရမည်။

၈။ **လျှောက်လွှာတွင် ဖော်ပြရမည့် အချက်များ။** ခွင့်ပြုမိန့်လျှောက်ထားရာတွင် သက်ဆိုင်ရာ နိုင်ငံရေးပါတီများသည် စုဝေးခြင်းနှင့် ဟောပြောခြင်းများကို တားမြစ်ချက်များ၊ ခွင့်ပြုမိန့်ပါ သတ်မှတ်ချက်များ၊ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြ လျှောက်ထားရမည့်အပြင် အောက်ပါအချက်များကိုလည်း လျှောက်လွှာတွင် အပြည့်အစုံ ဖော်ပြ ရမည်-

(က) ပြုလုပ်လိုသည့်နေရာ၊
(ခ) ပြုလုပ်လိုသည့်နေ့ရက်၊
(ဂ) စတင်မည့်အချိန်နှင့် ပြီးဆုံးမည့်အချိန်(ခန့်မှန်း)၊
(ဃ) တက်ရောက်မည့်အင်အား(ခန့်မှန်း)၊
(င) ဟောပြောမည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ၊
(စ) လျှောက်ထားသူ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ။

၉။ **ကော်မရှင်အဖွဲ့ခွဲက စိစစ်ဆောင်ရွက်ခြင်း။** သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသည် အထက်အပိုဒ် ၅၊ ၇ နှင့် ၈ တို့အရ ခွင့်ပြုမိန့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က) လျှောက်ထားချက်ကို လိုအပ်သလိုစိစစ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ခွင့်ပြုမိန့်ထုတ်ပေးပါက အောက်ပါသတ်မှတ်ချက်များကို ခွင့်ပြုမိန့်တွင် ဖော်ပြ ရမည်-
(၁) ခွင့်ပြုသည့်နေ့ရက်နှင့် နေရာ၊
(၂) စတင်ရမည့်အချိန်နှင့် ပြီးဆုံးရမည့်အချိန်၊
(၃) ဟောပြောခွင့်ရရှိသည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်၊ မှတ်ပုံတင် အမှတ်နှင့် နေရပ်လိပ်စာ။

(ဂ) ခွင့်ပြုမိန့်ထုတ်ပေးရာတွင် စုဝေးခြင်းနှင့် ဟောပြောခြင်းပြုလုပ်ရန် သတ်မှတ် သည့်နေရာသို့ အလံများကိုင်ဆောင်၍ လည်းကောင်း၊ စီတန်းလှည့်လည် ကြွေးကြော်ချီတက်ခြင်းမပြုရဟူ၍ လည်းကောင်း၊ စုဝေးခြင်းနှင့် ဟောပြောခြင်း ပြီးဆုံးသည့်အခါ စီတန်းလှည့်လည် ကြွေးကြော်ချီတက်ခြင်းမပြုဘဲ လူစုခွဲရမည် ဟူ၍ လည်းကောင်း စည်းကမ်းချက်များ သတ်မှတ်ဖော်ပြရမည်။

(ဃ) ခွင့်ပြုမိန့်ထုတ်ပေးရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များကို လိုအပ်သလို သတ်မှတ်နိုင်သည်-
(၁) အစိုးရရုံးများ၊ အဖွဲ့အစည်းများ၊ စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများ၊ ဈေးများ၊ အားကစားကွင်းများ၊ သာသနာရေးနှင့်ဆိုင်သည့် နေရာများ၊ စာသင်ကျောင်းများနှင့် ပြည်သူ့ဆေးရုံများ စသည့် လူစုလူဝေးရှိသည့် နေရာများကို အနှောင့်အယှက်မဖြစ်စေရန်၊
(၂) အဆောက်အအုံများ၊ ခန်းမများတွင် စုဝေးခြင်း၊ ဟောပြောခြင်းများ ပြုလုပ်ပါက ဝင်ဆံ့သည့်အရေအတွက်ထက် မကျော်လွန်စေရန်၊ (အဆောက် အအုံများနှင့် ခန်းမများ၏ပြင်ပတွင် လူစုလူဝေး ရှိမနေစေရန် တာဝန် ယူစေရမည်။)
(၃) စုဝေးခြင်း၊ ဟောပြောခြင်းပြုလုပ်ရန် ခွင့်ပြုသည့်နေရာသည် ကွင်းတစ်ခုခု ဖြစ်ပါက ဝင်ဆံ့သည့်အရေအတွက်ထက် မကျော်လွန်စေရန်၊
(၄) တုတ်၊ ဓား၊ လက်နက်၊ ခဲယမ်းမီးကျောက်များနှင့် အခြား ဘေးအန္တရာယ် ဖြစ်စေနိုင်သော အရာများကို ကိုင်ဆောင်ခြင်း မပြုရန်၊
(၅) ယာဉ်များ သွားလာခြင်းကို အနှောင့်အယှက် မဖြစ်စေရန်နှင့် လမ်းများ ပိတ်ဆို့ခြင်းမပြုရန်၊
(၆) ပတ်ဝန်းကျင်ကို အနှောင့်အယှက် မဖြစ်စေရေးအတွက် (Sound Box)ကို ခွင့်ပြုသည့်အခန်းအတွင်း သို့မဟုတ် ကွင်းအတွင်း ကြားနိုင်ရုံသာ အသုံး ပြုရန်၊
(၇) အသံချဲ့စနစ်ကို တည်ဆဲဥပဒေစည်းကမ်းများနှင့်အညီ အသုံးပြုရန်၊
(၈) အခြားသတ်မှတ်လိုသော စည်းကမ်းချက်များ။

(င) ခွင့်ပြုမိန့်ထုတ်ပေးပါက စုဝေးခြင်းနှင့် ဟောပြောခြင်း စတင်ပြုလုပ်မည့် အချိန် မတိုင်မီ ၄၈ နာရီထက်မနည်း ကြိုတင်ထုတ်ပေးရမည်။ ခွင့်ပြုမိန့် လျှောက်ထား ခြင်းကို ငြင်းပယ်ပါက အကျိုးအကြောင်းဖော်ပြလျက် စုဝေးခြင်းနှင့် ဟောပြော ခြင်း စတင်ပြုလုပ်မည့် အချိန်မတိုင်မီ ၄၈ နာရီထက်မနည်း ကြိုတင်အကြောင်း ကြားရမည်။

(စ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ထောက်ရှု၍ လိုအပ်ပါက ခွင့်ပြုမိန့်ပါ သတ်မှတ်ချက်များနှင့် စည်းကမ်းချက် များကို ပြင်ဆင်ခြင်း သို့မဟုတ် ခွင့်ပြုမိန့်ကို ရုပ်သိမ်းခြင်းပြုနိုင်သည်။

(ဆ) မိမိနယ်မြေဒေသအတွင်း စုဝေးခြင်းနှင့် ဟောပြောခြင်းပြုလုပ်ရန် ခွင့်ပြုနိုင်မည့် အများပြည်သူတို့နှင့် သက်ဆိုင်သော နေရာဒေသများကို သက်ဆိုင်ရာ အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ညှိနှိုင်း၍ ကြိုတင်သတ်မှတ်ထား ရမည်။

(ဇ) စုဝေးခြင်း၊ ဟောပြောခြင်းတို့ကို ပျက်ပြားအောင် မပြုနိုင်စေရန်နှင့် နှောင့်ယှက် ခြင်း မပြုနိုင်စေရန် သက်ဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ နှင့် လုံခြုံရေးတပ်ဖွဲ့များမှ လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေး နိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဈ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိပါးမည့်အန္တရာယ်မှ ကာကွယ်နိုင်ရန် သက်ဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လုံခြုံရေးတပ်ဖွဲ့များမှ လိုအပ်သော အစီအစဉ်များ ပြုလုပ် ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

ရေးသားပုံနှိပ်ထုတ်ဝေတင်ပြခွင့်

၁၀။ နိုင်ငံရေးပါတီများသည် မိမိတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ပြည်သူ အများ သိရှိစေရန် စာရွက်စာတမ်း၊ စာအုပ်နှင့် လက်ကမ်းစာစောင်များ ရေးသား၊ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိလိုပါက ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေနှင့်အညီ ပြန်ကြား ရေးဝန်ကြီးဌာန၊ ပုံနှိပ်သူများ၊ ထုတ်ဝေသူများမှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့က ၁၇-၃-၂၀၁၀ ရက်စွဲဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက် အမှတ်(၄၂) ပါအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

တားမြစ်ချက်များ

၁၁။ နိုင်ငံရေးပါတီများသည် စုဝေးခြင်း၊ ဟောပြောခြင်းနှင့် ရေးသားပုံနှိပ်ထုတ်ဝေ ဖြန့်ချိ ခြင်းတို့ ပြုလုပ်ရာတွင် အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ခြင်း မပြုရ-

(က) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ပြုလုပ်မှု၊
(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ပြုလုပ်မှု၊
(ဂ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲ ဥပဒေများကို လေးစားလိုက်နာမှု မရှိခြင်း၊
(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာထိပါးစေရန် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊
(င) တပ်မတော်ပြိုကွဲရေးကို ဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊
(စ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများ နှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခြင်း၊
(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုလုပ်ခြင်း၊
(ဇ) ငြိမ်းချမ်းစွာ ပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊
(ဈ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း။

၁၂။ နိုင်ငံရေးပါတီများသည် မိမိတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို စုဝေး ဟောပြောခြင်းနှင့် ရေးသားပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်းတို့ ပြုလုပ်ရာတွင် တည်ဆဲဥပဒေများ၊ ဤညွှန်ကြားချက်ပါ တားမြစ်ချက်များ၊ ခွင့်ပြုမိန့်ပါသတ်မှတ်ချက်များနှင့် စည်းကမ်းချက်များကို မဆန့်ကျင်စေရ။

၁၃။ နိုင်ငံရေးပါတီများသည် ဤညွှန်ကြားချက်တွင် ဖော်ပြပါရှိသည့် တားမြစ်ချက်တစ်ရပ်ရပ် ကိုဖြစ်စေ၊ ခွင့်ပြုမိန့်ပါ သတ်မှတ်ချက် သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည့်အပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ အရလည်း အရေးယူခြင်းခံရမည်ဖြစ်သည်။

နိဂုံး

၁၄။ သို့ဖြစ်၍ နိုင်ငံရေးပါတီများသည် ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် ပါတီဝင်အင်အား စုဆောင်းရာတွင် စုဝေးခြင်း၊ ဟောပြောခြင်း၊ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိခြင်းများ ပြုလုပ်ကြရာ၌ ဤညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် တွေ့ဆုံ

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် တွေ့ဆုံပွဲအခမ်းအနားကို ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တိုင်းမှူးသည် ဇွန် ၂၁ ရက်တွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပသော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ကျောင်းစာရေးစားပွဲခုံများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကျောင်းသုံးပစ္စည်းများ၊ အလှူငွေများနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုပေးအပ်ချီးမြှင့်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးမောင်ဦးအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၂၂

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အကျဉ်းဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ရေဝန်းကျောင်းလမ်း ကျောက်ချောလမ်းအရှည် ၇၈၅ ပေ၊ အကျယ် ၁၂ ပေအား အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဒေါ်တင်တင်စိုး တာဝန်ယူဆောင်ရွက်၍ ကျောက်များ စုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

တိုင်းရင်းဆေးဖြင့် တီဘီရောဂါကုသမှု သုတေသနပြုအောင်မြင် ပြည်သူများအတွက် အရေးကြီးရောဂါ အများအပြား ကုသနိုင်

ရန်ကုန် ဇွန် ၂၂

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ယမန်နေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းရင်းဆေးဖြင့် တီဘီရောဂါကုသမှု သုတေသနပြု အောင်မြင်မှုတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်၍ တိုင်းရင်းဆေး သုတေသနလုပ်ငန်း၏ အောင်မြင်မှု ရလဒ်များဖြင့် ပြည်သူများအတွက် အရေးကြီးသော ရောဂါအများအပြားကို ကုသပေးနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။

တင်ပြ

ထို့နောက် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူး ဒေါက်တာသော်ဇင်က တီဘီရောဂါ ကုသရေးတွင် တိုင်းရင်းဆေးဖြင့် သုတေသနပြု အောင်မြင်မှုများကို တင်ပြသည်။

တက်ရောက်ဆွေးနွေး

အဆိုပါ အခမ်းအနားသို့ ဆေးသုတေသန ဦးစီးဌာနများမှ သုတေသီများ၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးရုံကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့မှ သုတေသီဆရာဝန်ကြီးများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ခေတ္တ အကြံပေးပုဂ္ဂိုလ် Dr. Urmila M. Thatte တို့ တက်ရောက်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကလေးကျန်းမာပညာ ဉာဏ်သစ်လောင်း သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံဆရာဝန်အသင်း ကလေးကျန်းမာပညာအဖွဲ့မှကြီးမှူး၍ Guidelines for Improving Patient's Safety ခေါင်းစဉ်ဖြင့် ဉာဏ်သစ်လောင်း သင်တန်းတစ်ရပ်ကို ဇွန် ၂၆ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရန်ကုန် ကလေးဆေးရုံကြီး စာသင်ဆောင်သစ်၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ သင်တန်းတွင် ကလေးအထူးကုဆရာဝန်ကြီး သုံးဦးနှင့် ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီးတစ်ဦးတို့က ဟောပြောပို့ချမည်ဖြစ်ပြီး ဆေးကုမ္ပဏီများ၏ ဆေးဝါးပြခန်း ၂၅ ခုကိုလည်း ခင်းကျင်းပြသထားမည်ဖြစ်သည်။

စိတ်ပါဝင်စားသူ ဆေးကျောင်းသား၊ ကျောင်းသူများ၊ ဆရာဝန်များ တက်ရောက်နိုင်ပြီး မှတ်ပုံတင်ခြင်းကို ဇွန် ၂၃ ရက် နံနက် ၉ နာရီမှစ၍ ရုံးချိန်အတွင်း ရန်ကုန်ကလေးဆေးရုံကြီး စာသင်ဆောင်(ဒီ)၌ လည်းကောင်း၊ ကျင်းပမည့်နေ့ နံနက် ၈ နာရီမှစ၍ ကျင်းပမည့်နေရာတွင်လည်းကောင်း ပြုလုပ်နိုင်သည်။

(မြန်မာနိုင်ငံဆရာဝန်အသင်း)

ကွယ်လွန်သူ ဦးထွေး တစ်နှစ်ပြည့်အား ရည်စူး၍ စိတ္တသုခလမ်း ကျောက်မြောင်း တာမွေမြို့နယ်နေ ဇနီး ဒေါ်အေးသိန်းနှင့် သမီး သက်သက်ထွေး၊ စိုးစိုးထွေး၊ မြေး မသွန်းရတနာထွေး၊ မောင်ဘုန်းမြင့်မြတ်ထွေး သား၊ သမီး ၊ မြေး၊ မြစ်တစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။

(သံဃာ့ဆေးရုံ)

ဌာနဆိုင်ရာလုပ်ငန်းများနှင့် စာရင်းအင်းမှန်ကန်ရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇွန် ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ရန်ကုန်တိုင်း နယ်မြေတာဝန်ခံ ညွှန်ကြားရေးမှူး ဦးသန်းသည် ရန်ကုန်တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးကျင်ထွန်းလိုက်ပါလျက် သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်များသို့ ဇွန် ၁၆ ရက်မှ ၂၀ ရက်အထိ သွားရောက်ပြီး ခရိုင်/မြို့နယ် မြေစာရင်းဝန်ထမ်းများနှင့် တွေ့ဆုံကာ သီးနှံစာရင်းအင်းများ အချိန်နှင့်တစ်ပြေးညီ မှန်ကန်စွာ ကောက်ယူပြုစုရေး၊ မြေတိုင်းတာ၍ စာရင်းမြေပုံများ ပြည့်စုံစွာထားရှိရေး၊ လယ်ယာမြေအသုံးချမှု စာရင်းများ မှန်ကန်ရေး၊ မြေယာမှုခင်းများ မှန်ကန်စွာ စစ်ဆေးဆုံးဖြတ်ပေးရေးနှင့် လယ်ယာစီးပွားစစ်တမ်း ကောက်ယူရေး စသည့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ လုပ်ငန်းတာဝန် (၆)ရပ်ကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ဆောင်ရေး၊ အထူးသဖြင့် သီးနှံစာရင်းအင်းများ တိကျခိုင်မာစွာကောက်ယူပြုစုရေးတို့ကို ကွင်းဆင်းစစ်ဆေးလျက် လိုအပ်သည်များ ညွှန်ကြားသွားကြောင်း သိရသည်။

(ကြေးမုံ)

မြို့သာယာလှပရေးဆောင်ရွက်

ဇွန် ၁၅ ရက်က ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် မြို့ဝင်၊ မြို့ထွက် မြေခင်းအလှတွင် ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းကို အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာ ဦးစီးအရာရှိ ဒေါ်တင်တင်အေး ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အနေ့ယာဉ်စီးနင်းသူများ လိုက်နာရန်

၁။ ရန်ကုန်မြို့တော်အတွင်း စည်းကမ်းမဲ့အနေ့ယာဉ်များကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ အနေ့ယာဉ်များ (ဆိုက်ကား၊ စက်ဘီး၊ ဂါလီနှင့် လက်တွန်းလှည်း အမျိုးမျိုး) အနေဖြင့် အောက်ပါ စည်းကမ်းချက်များအား လိုက်နာကြရန်နှင့် လိုက်နာမှုမရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(က) ရန်ကုန်မြို့တွင်း အရှေ့ဘက်-ဗိုလ်အောင်ကျော်လမ်း၊ အနောက်ဘက်-လမ်းမတော်လမ်း၊ တောင်ဘက်-ကုန်သည်လမ်း၊ မြောက်ဘက်- ဗိုလ်ချုပ်အောင်ဆန်းလမ်းအကြား နံနက် ၅ နာရီမှ ည ၁၀ နာရီအတွင်း အနေ့ယာဉ်များ မဝင်ရ။

(ခ) ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဦးဝိစာရလမ်းနှင့် ကန်ပတ်လမ်း (ကန်တော်ကြီးပတ်လည်)တို့တွင် နေ့/ည လုံးဝ ဝင်ရောက်ခြင်းမပြုရ။

(ဂ) လမ်းပြောင်းပြန် စီးနင်းခြင်းမပြုရ။

(ဃ) လမ်းလယ်မှ စီးနင်းခြင်းမပြုရ။

(င) သတ်မှတ်ပေးထားသည့် ဝန်ထက်ပို၍ တင်ဆောင်ခြင်းမပြုရ။

(စ) ညအချိန် ရောင်ပြန်မပါဘဲ စီးနင်းခြင်း မပြုရ။

၂။ မြို့တွင်းခြောက်မြို့နယ်တွင် စည်းကမ်းမဲ့အနေ့ယာဉ်များကြောင့် ယာဉ်ကြောများ ပိတ်ဆို့မှုဖြစ်ခြင်းနှင့် ယာဉ်တိုက်မှုမကြာခဏဖြစ်ခြင်းတို့ကြောင့် အနေ့ယာဉ်များအား မှတ်ပုံတင်ခြင်းကို နှစ်အလိုက်လျှော့ချ၍ တဖြည်းဖြည်း ရုပ်သိမ်းသွားမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "သာသနအမွေခံ" တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၅)**
၈း၃၀ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၉း၀၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ "မြဘုရင်နို့ချက်စက်ရုံ၏ လုပ်ငန်းရှင်ဦးဝင်းမောင်နှင့် တွေ့ဆုံခြင်း" (အပိုင်း-၂)
၉း၂၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ "နိုင်ငံတကာဆုရမြန်မာ့တိုင်းရင်း အလှမွေးငါးများ"
၉း၄၀ အားကစားမြင်ကွင်းစုံ
၁၀း၂၅ Activities In the City [စာရေးဆရာစစ်ရွှေ၏ တာဝန်ကျေခဲ့ပါသည် အပိုင်း(၁၊၂) စာအုပ်မိတ်ဆက်ပွဲ]
၁၀း၄၅ ကောင်းကင်ယံကအန္တရာယ်
၁၁း၀၀ ဗီဒီယိုပြခန်း
၁၁း၂၀ သတင်းပေးလို့ဖော် တောင်ငူ ပဲကြော်၊ ပဲလှော်
၁၁း၃၀ ရင်သွေးအတွက် သတိတစ်ချက် (ညောင်ညောင်၊ မေသဥ္ဇာဦး၊ ဆုရွှန်းလဲ့၊ ဒေါ်နှင်းဆီ) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၁း၄၀ ရန်ကုန်မြင်ကွင်းကျယ် (SIEC Preschool ကျောင်းဆင်းပွဲ)
၁၁း၅၀ ကျောက်ဆစ်ထွင်းထုပုံဖော်ပြု အနုမြတ်ပညာ
၁၂း၀၀ ဓာတ်ပုံထဲမှ အမှတ်တရများ (ရတနာမိုင်၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
၁၂း၃၀ ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်းလုပ်ငန်း
၁၂း၄၀ သီးပွင့်ဝေဆာ၊ ပဒေသာ (ကျွဲကော)
၁း၀၀ "သာသနအမွေခံ" တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ စကားနပန်း (အိမ်နီးနားချင်းနဲ့အရောဝင်တာ ကောင်းတယ်၊ အိမ်နီးနားချင်းနဲ့အရောမဝင်တာ ကောင်းတယ်)
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၅)**
၄း၁၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ "နိုင်ငံတကာဆုရမြန်မာ့တိုင်းရင်း အလှမွေးငါးများ"
၄း၃၅ Industrial Talk
၅း၁၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ "မြဘုရင်နို့ချက်စက်ရုံ၏ လုပ်ငန်းရှင်ဦးဝင်းမောင်နှင့် တွေ့ဆုံခြင်း" (အပိုင်း-၂)
၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ ဓာတ်ပုံထဲမှ အမှတ်တရများ (ရတနာမိုင်၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
၆း၄၅ ဗီဒီယိုပြခန်း
၇း၀၀ MNL ပြိုင်ပွဲ၏အားသစ်များ (နေပြည်တော် F.C)
၇း၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (နွဲ့ယဉ်ဝင်း)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (အိမ်နီးနားချင်းနဲ့အရောဝင်တာ ကောင်းတယ်၊ အိမ်နီးနားချင်းနဲ့အရောမဝင်တာ ကောင်းတယ်)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၅)**
၁၀း၀၀ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး (အပိုင်း-၂) (ပါမောက္ခဒေါက်တာချယ်ရီ သန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ)
၁၀း၂၀ Sports World
၁၀း၄၀ Hair Style For All (အမျိုးသား + အမျိုးသမီး)
၁၀း၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၂၀ MNL ပြိုင်ပွဲ၏အားသစ်များ (နေပြည်တော် F.C)
၁၁း၃၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (နွဲ့ယဉ်ဝင်း)
၁၂း၁၅ ရန်ကုန်မြင်ကွင်းကျယ် (SIEC Preschool ကျောင်းဆင်းပွဲ)
၁၂း၂၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် နဝမအကြိမ် ဘွဲ့နှင်းသဘင် ကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် ဇွန် ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)အနီးရှိ သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကျင်းပသည့် နဝမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ - အဖွဲ့ဝင်ဆရာတော်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်၊ ပါမောက္ခမဟာဌာနမှူး ဆရာတော်နှင့် သင်ကြားဆရာတော်များ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် ဆရာ၊ ဆရာမများ၊ ပြည်တွင်းပြည်ပမှ ဘွဲ့ခံသံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသက အဓိဋ္ဌာန်ကို မေးတော်မူရာ ဘွဲ့ခံသံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက ဖြေကြားကြသည်။

ယင်းနောက် ပါမောက္ခချုပ် ဆရာတော်က မဟာဝိဇ္ဇာ(ဗုဒ္ဓ၊ ဓမ္မ)ဘွဲ့ရ ပြည်တွင်း/ ပြည်ပမှ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၊ ဝိဇ္ဇာ(ဗုဒ္ဓ၊ ဓမ္မ)ဘွဲ့ရ ပြည်တွင်း/ ပြည်ပမှ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား ဘွဲ့လက်မှတ်နှင့် အဆောင်အယောင်များကို ပေးအပ်သည်။

ထို့နောက် ပါမောက္ခချုပ် ဆရာတော်က ဘွဲ့မှတ်တမ်း၌ လက်မှတ်ရေးထိုးတော်မူသည်။

ယင်းနောက် ပါမောက္ခချုပ် ဆရာတော်က ဩဝါဒကထာ မြွက်ကြားတော်မူပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဝန်ကြီး ဦးသိန်းအောင် ဒုတိယအကြိမ် အရှေ့အာရှဒေသ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ဖိုရမ်မှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၂၂

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် ဇွန် ၁၆ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ The Shilla ဟိုတယ်၌ ပြုလုပ်သော ဒုတိယအကြိမ် အရှေ့အာရှဒေသ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဖိုရမ်သို့ တက်ရောက်ခဲ့သည်။

အဆိုပါ ဖိုရမ်တွင် ရှေးဦးစွာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ဗီဒီယိုဖြင့် သဝဏ်လွှာပေးပို့ဖတ်ကြားသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာလီမြောင်ဘတ်က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ ဖိုရမ်သို့ အရှေ့အာရှ ၁၅ နိုင်ငံမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်များနှင့် သုတေသီများ တက်ရောက်ကြသည်။

ဝန်ကြီး ဦးသိန်းအောင်သည် မြန်မာနိုင်ငံ၏ ရေရှည်စီးပွားရေး ဖွံ့ဖြိုးရေးတိုးတက်မှု လုပ်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးစေရန်၊ ကာဗွန်ထုတ်လွှတ်မှု လျော့နည်းစေရန်နှင့် ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေဖြစ်စေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

တွေ့ဆုံ

ဝန်ကြီး ဦးသိန်းအောင်သည် ဆိုးလ်မြို့၌ ရှိနေစဉ် ဝန်ကြီးအား ကိုရီးယားအစိုးရ သစ်တောဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Yeong Jeun Yoon က လာရောက်တွေ့ဆုံ၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများနှင့် နာဂစ်ဒေသ ဒီရေတော စိုက်ခင်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်း စီမံကိန်းများ ရေးဆွဲထားပြီးဖြစ်၍ အဆိုပါဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးရေးကိစ္စတို့ကို ဆွေးနွေးကြသည်။

ဝန်ကြီးသည် ဇွန် ၁၅ ရက်တွင် Daewoo ကုမ္ပဏီဥက္ကဋ္ဌ Mr. Jae Yong Kim က တည်ခင်းဧည့်ခံသော ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး Incheon ရှိ Dongwha သစ်အခြေခံစက်ရုံသို့ သွားရောက်လေ့လာကာ အိမ်တွင်းအလှပြင်ဆင်မှုနှင့် ပရိဘောဂအတွက် သစ်ဘုတ်ပြား ထုတ်လုပ်မှုကို ကြည့်ရှုလေ့လာခဲ့သည်။

ဆွေးနွေး

ဝန်ကြီးသည် ဇွန် ၁၇ ရက် နံနက်တွင် Gwangueung ဒေသရှိ Korea National Arboretum အမျိုးသား ရုက္ခဗေဒဥယျာဉ်သို့ သွားရောက်၍ ပြသထားသော ပြခန်းများ၊ သဘာဝတောများ၊ စိုက်ခင်းများကို လေ့လာခဲ့ပြီး တာဝန်ရှိသူများနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မှု အခွင့်အလမ်းများကို ဆွေးနွေးခဲ့သည်။

ဝန်ကြီးနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး ဒေါက်တာစန်းဝင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝင်းမြင့်တို့ လိုက်ပါသွားကြပြီး ဇွန် ၁၈ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တက်ရောက်ဆွေးနွေး

ပတ်ဝန်းကျင်ထိန်း သိမ်း ရေး အမျိုးသား ကော်မရှင် ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ပြုလုပ်သော ဒုတိယအကြိမ် အရှေ့အာရှဒေသ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဖိုရမ်သို့ တက်ရောက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ နှိုးဆော်ချက်

နေပြည်တော် ဇွန် ၂၂

၁။ **ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။ ။** ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ခုနှစ် ဇွန်လ ၁၈ ရက်အထိ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော နိုင်ငံပေါင်း (၆၃)နိုင်ငံရှိပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံအပါအဝင် နိုင်ငံ(၁၆)နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားကြောင်း သိရှိရသည်။

(ခ) **လူသို့ကူးစက်ဖြစ်ပွားမှု။ ။** ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ခုနှစ် ဇွန်လ ၈ ရက်အထိ နိုင်ငံ(၁၅)နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှု(၄၉၉)ဦးရှိပြီး (၂၉၅)ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းမှု ။ ။**

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေး ရောဂါ သုံးကြိမ်ဖြစ်ပွားခဲ့သည်။ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့တွင်လည်းကောင်း၊ မတ်လတွင် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်တွင်လည်းကောင်း ကြက်ငှက်တုပ်ကွေး ရောဂါကျရောက်ဖြစ်ပွားခဲ့ရာ ရောဂါထိန်းချုပ်ရေးနည်းလမ်းများနှင့်အညီ ဆောင်ရွက်ခဲ့သဖြင့် အခြားဒေသများသို့ကူးစက်မှုမရှိအောင် ထိန်းချုပ်နိုင်ခဲ့ သည်။ **အဆိုပါဖြစ်ပွားမှုနောက်တွင် ယနေ့အထိ မြန်မာနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ထပ်မံကျရောက်ဖြစ်ပွားမှုမရှိခဲ့ပါ။** ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ထိန်းချုပ်မှုနှင့် ထပ်မံဖြစ်ပွားမှုမရှိသော အခြေအနေများကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)နှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)တို့သို့ အကြောင်းကြားပြီးဖြစ်သည်။

၃။ **ရောဂါကြိုတင်ကာကွယ်ရေး။ ။** သို့ရာတွင် နိုင်ငံအချို့၌ ရောဂါကျရောက် ဖြစ်ပွားမှုရှိနေသဖြင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက် အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြရန် နှိုးဆော်အပ် ပါသည်။

(က) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုမြှင့်တင်ရန်၊
(ခ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်း ဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊
(ဂ) ကြက်ငှက်များ မသင်္ကာဖွယ်ရာ သေဆုံးမှုရှိပါက နီးစပ်ရာဒေသ အာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်၊
(ဃ) ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန



တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အနောက်မြို့ပတ်လမ်းဘေး ဝဲ၊ ယာရှိ ရေမြောင်းများအတွင်း အမှိုက်များ၊ နုန်းများဆယ်ယူ ရှင်းလင်းခြင်းဆောင်ရွက်ရာသို့ ဒုတိယဦးစီးမှူး(သန့်ရှင်း) ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

သစ်တောနဲ့သစ်ပင် ချစ်ခင်စွဲလမ်းမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့ဆက်တိုး

စွမ်းအင်ဝန်ကြီးဌာန ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိ စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(စွမ်းအင်)

နေပြည်တော် ဇွန် ၂၂

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၂ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနရုံး၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိ တက်ရောက်အားပေးပြီး မဟော်ဂနီပင်ကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးသန်းဌေးက ပိတောက်ပင်ကို လည်းကောင်း သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဝန်ကြီးသည် စွမ်းအင်ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ လုပ်ငန်းဌာနများမှ ဝန်ထမ်းများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှု၊ ယခင်စိုက်ပျိုးထားသည့် သစ်ပင်များအား မြေဆွပေါင်းသင် မြေတောင်မြှောက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

စွမ်းအင်ဝန်ကြီးဌာန၏ သတ်မှတ်နယ်မြေဧရိယာအတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် ၂၀၀၆ ခုနှစ်မှ စတင်၍ နှစ်ရှည်အရိပ်ရလေကာပင်များ၊ နှစ်ရှည်သီးပင်စားပင်များနှင့် ပန်းအလှပင်များ စုစုပေါင်းအပင်ရေ ၄၆၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီးဖြစ်ရာ ယခုပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပျဉ်းမ၊ အသောက၊ ကုက္ကို၊ စိန်ပန်းကြီး၊ ကံ့ကော်၊ ခရေ၊ ပိတောက်၊ တည်ပင်၊ မဲဇလီ၊ ငုရွှေဝါ၊ ရေတမာ၊ သရက်၊ ပိန္နဲ၊ မန်ကျည်း၊ တမာ၊ သဘော်နှင့် မာလကာ စသည့် အပင်မျိုးစုံ ၄၀၀၀ ကျော် စိုက်ပျိုးခဲ့ကြသဖြင့် စုစုပေါင်း အပင် ၅၀၀၀၀ ကျော် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၂

၂၀၁၀ ပြည့်နှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်နှင့် MGS Beverages Co., Ltd. တို့ ပူးပေါင်း၍ ဇူလိုင် ၁၇ ရက် (စနေနေ့)မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre ၌ ကျင်းပမည်ဖြစ်ရာ အသက် (၂၁)နှစ်အထက် အမျိုးသား၊ အမျိုးသမီး အကြီးတန်းပြိုင်ပွဲ၊ အသက် (၂၁)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး အငယ်တန်းပြိုင်ပွဲနှင့် အသက် (၅၀)နှင့်အထက် သက်ကြီးတန်း အမျိုးသားပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတင်ပြနိုင်သူ ဖြစ်ရမည်ဖြစ်ပြီး အသက်(၂၁)နှစ်အထက် အမျိုးသမီး အကြီးတန်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် အရပ် ငါးပေ သုံးလက်မနှင့်အထက် ရှိရမည်ဖြစ်ကာ အသက်(၂၁)နှစ်နှင့်အောက် အမျိုးသမီး အငယ်တန်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် အနိမ့်ဆုံး အရပ် ငါးပေ နှစ်လက်မ ရှိရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများသည် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ဌာနမှူး ဦးကျော်သန်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အားကစားစခန်း မင်္ဂလာတောင်ညွန့်မြို့နယ်မှ ကာယဗလအားကစားစခန်း တာဝန်ခံ ဦးဝင်းကြည်တို့ထံ ဇူလိုင် ၁၂ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ စာရင်းပေးသွင်းရန်နှင့် ပြိုင်ပွဲဝင်များ အသက်စစ်ဆေးခြင်း၊ အတန်းခွဲခြားခြင်း၊ အမျိုးသမီးများ ဆေးစစ်ခြင်း၊ အရပ် တိုင်းတာခြင်း၊ မှတ်တမ်းယူခြင်းများကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီ တွင် ရန်ကုန်မြို့တော်စည်ပင် အားကစားစခန်း၌ ဆောင်ရွက်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၂

၂၀၁၀ ခုနှစ် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သေနတ်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦးက ၁၀ မီတာ လေပစ္စတို(အမျိုးသား) တစ်ဦးချင်း ပစ်ခတ်စဉ် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင် ဒေါ်ကျင်ရွှေက ၁၀ မီတာ လေပစ္စတို (အမျိုးသမီး) တစ်ဦးချင်းပစ်ခတ်စဉ် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူတို့အား လည်းကောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ၁၀ မီတာ လေရိုင်ဖယ်(အမျိုးသား) တစ်ဦးချင်း ပစ်ခတ်စဉ် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယက ဒေါက်တာ ဒေါ်မြနန္ဒာခိုင်က လေရိုင်ဖယ် (အမျိုးသမီး) တစ်ဦးချင်းပစ်ခတ်စဉ် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးထက်ညီက ၁၀ မီတာ လေပစ္စတို (အမျိုးသား) အသင်းလိုက် ပစ်ခတ်စဉ်ပြိုင်ပွဲတွင် ပထမ ဆုရ ရန်ကုန်တိုင်း၊ ဒုတိယဆုရ ပဲခူးတိုင်းနှင့် တတိယဆုရ မန္တလေးတိုင်းအသင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက ၁၀ မီတာ လေပစ္စတို(အမျိုးသမီး) အသင်းလိုက်ပစ်ခတ်စဉ် ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း၊ ဒုတိယဆုရ မန္တလေးတိုင်းနှင့် တတိယဆုရ ပဲခူးတိုင်းအသင်းတို့အား လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် သေနတ်ပစ်အားကစားနည်းတာဝန်ခံ နာယက ဒေါ်တင်တင်နွဲ့က ၁၀ မီတာ လေရိုင်ဖယ် (အမျိုးသမီး) အသင်းလိုက် ပစ်ခတ်စဉ် ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း၊ ဒုတိယဆုရ မွန်ပြည်နယ်နှင့် တတိယဆုရ ရှမ်း(အရှေ့) အသင်းတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဝင်းက ၁၀ မီတာ လေရိုင်ဖယ် (အမျိုးသား) အသင်းလိုက် ပစ်ခတ်စဉ် ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း၊ ဒုတိယဆုရ ပဲခူးတိုင်းနှင့် တတိယဆုရ မန္တလေးတိုင်းအသင်းတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့အား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ၂၀၁၀ ခုနှစ် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း သေနတ်ပစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့အား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

(အား/ကာ)

အဆင့်မြင့်ပညာဦးစီးဌာန ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဇွန် ၂၂

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနများရှိ ပညာရေးကောလိပ်များ၏ ကာယဗလမောင်နှင့် ကာယအလှမယ်(အကြီးတန်း)ပြိုင်ပွဲကို ဇွန် ၂၇ ရက်မှ ၂၈ ရက်အထိ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ဇန်နဝါရီလ၌ ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်မှ ကာယဗလမောင် ၃၀၊ ကာယအလှမယ် ၃၀ တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကနီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းအား မေ ၁၂ ရက်က ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အမှုဆောင်အရာရှိ ဦးတင့်လွင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဇွန် ၂၀ ရက်တွင် ကျင်းပသည့် အာရှဘတ်စကက်ဘောအဖွဲ့ချုပ် ကွန်ဂရက်အစည်းအဝေးသို့ တက်ရောက်ရန်ထွက်ခွာသွားသည့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်ကျော်ဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မထွက်ခွာမီ တွေ့ရစဉ်။

(အား/ကာ)

ကြွက်မှတစ်ဆင့် ကူးစက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

၁။ ကြွက်များသည် လူတို့၏ စားနပ်ရိက္ခာနှင့်ပစ္စည်းများကို ဖျက်ဆီးတတ်ရုံမက ကူးစက်ရောဂါများကိုပါ သယ်ဆောင်လာတတ်ပါသည်။ အထူးသဖြင့် ပလိပ်ရောဂါသည် ကြွက်တို့၏ သန်းမှတစ်ဆင့် ကူးစက်ပြီး ကပ်ရောဂါ ဖြစ်စေနိုင်ပါသည်။ လူနာများမှတစ်ဆင့် ကူးစက်ကာ ကပ်ရောဂါဆိုးအသွင်လည်း ဖြစ်လာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍

(က) မိမိတို့အိမ်၊ ရုံး၊ ဈေးနှင့် ပတ်ဝန်းကျင်တွင် ကြွက်များ ဝင်ရောက်ခိုအောင်း ပေါက်ပွားမှုမရှိအောင် ကာကွယ်ပါ။

(ခ) မိမိတို့အနီးအနားတွင် ကြွက်များ ရုတ်တရက် သေဆုံးပါက ပလိပ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်နိုင်ကြောင်း သတိရှိပါ။

(ဂ) ပလိပ်ရောဂါသံသယရှိသော ကြွက်များကို စစ်ဆေးနိုင်ရန် နီးရာကျန်းမာရေးဌာနသို့ အကြောင်းကြားပါ။

ကျန်းမာရေးဝန်ကြီးဌာန

၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် အသက် (၁၇)နှစ်အောက် လူငယ်မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇွန် ၂၂

၂၀၁၀ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် အသက် (၁၇)နှစ်အောက် လူငယ်မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ (၂၅-၃၀) ကီလိုတန်းပြိုင်ပွဲ၊ (၃၀-၃၅)ကီလိုတန်းပြိုင်ပွဲ၊ (၃၅-၄၀)ကီလိုတန်းပြိုင်ပွဲ၊ (၄၀-၄၅) ကီလိုတန်းပြိုင်ပွဲ၊ (၄၅-၅၀)ကီလိုတန်း ပြိုင်ပွဲနှင့် (၅၀-၅၅)ကီလိုတန်းပြိုင်ပွဲ၊ သုံးယောက်တွဲစွမ်းရည်ပြ (အမျိုးသား) ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူ အသီးသီးက ဆုများချီးမြှင့်ကြသည်။

ယင်းနောက် သုံးယောက်တွဲ စွမ်းရည်ပြ (အမျိုးသမီး)ပြိုင်ပွဲတွင် ဆုရရှိကြသူများအား မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်က ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန် ၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် အသက် (၁၇)နှစ် အောက် လူငယ်မြန်မာ့သိုင်းပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။

(အား/ကာ)

ကမ်းရိုးတန်းဒေသများ မိုးပိုလာမည်

နေပြည်တော် ဇွန် ၂၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ဧရာဝတီတိုင်းတွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာခဲ့ပြီး တနင်္သာရီတိုင်းတွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်ပျဉ်းမနားတွင် သုည ဒသမ ၅၉ လက်မ၊ ကော့သောင်းမြို့တွင် ၃ဒသမ ၅၄ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၂၁လက်မ၊ ကျိုက္ကမီမြို့တွင် ၁ဒသမ ၈၉လက်မ နှင့် ကော့ကရိတ်မြို့တွင် ၁ဒသမ ၆၁ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၂၃ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်း ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၄ဒသမ ၆ဒီဂရီစင်တီဂရိတ်) ၉၄ဒီဂရီဖာရင်ဟိုက်		၂၁-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၇ဒသမ ၂ ဒီဂရီစင်တီဂရိတ်) ၈၁ ဒီဂရီဖာရင်ဟိုက်		၂၂-၆-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ	၈၂ ရာခိုင်နှုန်း	၂၂-၆-၂၀၁၀
နေပူသည့်နာရီပေါင်း	၅ ဒသမ သုည နာရီခန့်	၂၁-၆-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၂-၆-၂၀၁၀	Tr	၁မမ(၀.၀၄ လက်မ)	မရှိပါ။
၁-၁-၂၀၁၀ မှ ယနေ့အထိ	၆၃၈မမ (၂၅.၁၂လက်မ)	၇၀၄မမ (၂၇.၇၂လက်မ)	၇၁၈မမ (၂၈.၂၇လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၁-၆-၂၀၁၀ ရက် ၃း၃၀ နာရီအချိန်တွင် အနောက်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်းတိုက်ခတ်သည်။

(၁၂)ကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ ဦးဆောင်မှုဖြင့် ၂၀၁၀ ခုနှစ် (၁၂) ကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်နာယက ဒေါ်မြင့်မြင့်ဆွေက အမျိုးသမီး ဒုတိယတန်းအဆင့် ၄၈ ကီလိုတန်းပြိုင်ပွဲတွင် စုစုပေါင်း စံချိန် ၁၂၅ ကီလိုဖြင့် ပထမ ကေခိုင် (မြို့တော်စည်ပင်)၊ ဒုတိယ သိမ့်သိမ့်ဝင်း (အမှတ်-၁ စက်မှု)နှင့် တတိယ နော်လားကဖောရှီး (ရထားပို့ဆောင်ရေး)တို့အား လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်က အမျိုးသမီး ဒုတိယတန်း အဆင့် ၅၃ ကီလိုတန်းပြိုင်ပွဲတွင် စုစုပေါင်း စံချိန် ၁၄၅ ကီလိုဖြင့် ပထမ မအေးချို (အမှတ်-၁ စက်မှု)နှင့် ဒုတိယ မြင့်သန္တာဝင်း (မန္တလေးမြို့တော်စည်ပင်)တို့အား လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီး ဒုတိယ တန်းအဆင့် ၅၃ ကီလို အထက်တန်း ပြိုင်ပွဲတွင် စုစုပေါင်းစံချိန် ၁၇၂ ကီလိုဖြင့် ပထမ ဟေမာမြင့်ဝင်း (အမှတ်-၁ စက်မှု)၊ ဒုတိယ လဲ့လဲ့ဝင်း (အမှတ်-၁ စက်မှု)နှင့် တတိယ ကြည်ပြာစံ (ရထားပို့ဆောင်ရေး)တို့အား လည်းကောင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံအလေးမ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းလွင်က ပြိုင်ပွဲ၌ အကောင်းဆုံး အားကစားသမားများ ဖြစ်ကြသော အမျိုးသမီး တတိယတန်း အဆင့်တွင် မထက်ပိုင်ဦး (အမှတ်-၁ စက်မှု)၊ အမျိုးသား တတိယတန်းအဆင့်တွင် သက်လွင်ဦး (မြို့တော်စည်ပင်)၊ အမျိုးသမီး ဒုတိယတန်းအဆင့်တွင် ဟေမာမြင့်ဝင်း (အမှတ်-၁ စက်မှု)၊ အမျိုးသား ဒုတိယတန်းအဆင့်တွင် ရဲထွန်းနောင် (လယ်ယာ/ဆည်မြောင်း)နှင့် အမျိုးသား ပထမတန်းအဆင့်တွင် ပြည့်ဖြိုး (ကာကွယ်ရေးဝန်ကြီးဌာန) တို့အား ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာန အသင်းနှင့် အမျိုးသား အသင်းလိုက် ပြိုင်ပွဲတွင် ပထမဆုရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းတို့အား တံခွန်စိုက်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု (A) ပွဲစဉ်များပြီးဆုံး ဥရုဂွေးနှင့် မက္ကဆီကိုတို့ ရှုံးထွက်အဆင့်သို့ တက်ရောက်

ဂျိုဟန်နက်စဘတ် ဇွန် ၂၂

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှ အုပ်စု(A)ရဲ့ နောက်ဆုံးပွဲစဉ်များကို ယနေ့ညဆက် လက်ယှဉ်ပြိုင်ကစားကြရာ ဥရုဂွေးနဲ့ တောင်အာဖရိကတို့နိုင်ပွဲ ရရှိခဲ့ပါတယ်။

ဥရုဂွေးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဆူရာရက်ဇ်က ဤကဲ့သို့ ခေါင်းတိုက်သွင်းယူခဲ့သည်။

မက္ကဆီကို ၀ - ၁ ဥရုဂွေး

နှစ်သင်းလုံး လေးမှတ်စီရထားတယ် ဆိုပေမယ့် အုပ်စုကိုကျော်ဖြတ်နိုင်ဖို့ သရေတစ်မှတ်က မဖြစ်မနေ လိုနေပါသေးတယ်။ ဒါ့ပြင် နိုင်တဲ့အသင်းက အုပ်စုဗိုလ်ရမှာဖြစ်တာကြောင့် နှစ်သင်းလုံးလူ စုံထုတ်ပွဲထွက်လာခဲ့ကာ ပြိုင်ဆိုင်မှုကလည်းပြင်းထန်ခဲ့ပါတယ်။ မက္ကဆီကိုမှာ ဖရန်ကို၊ ဒေါ့စ်ဆန်းတို့စ်၊ ဂူရာဒါဒို၊ ရိုဒရီဂွက်ဇ်၊ ဆဲလ်စီဒိုတို့ပါဝင်ခဲ့ပြီး ဥရုဂွေးကတော့ ဖော်လန်၊ ဆူရာရက်ဇ်၊ ကာဗာနီ၊ ပီရီယာ၊ ပီရက်ဇ်၊ လူဂါနို၊ ဂွန်ဇာလက်ဇ်တို့နဲ့ လူစုံခဲ့ပါတယ်။

ကွင်းလယ်ကစားကွက်ပိုင်းမှာ မက္ကဆီကိုက အနည်းငယ် အသာစီးရယူနိုင်ခဲ့ပေမယ့် ပွဲချိန် ၄၃ မိနစ်မှာ ဆူရာရက်ဇ်ရဲ့ခေါင်းတိုက်ဂိုးနဲ့ ဥရုဂွေးအသင်းနိုင်ပွဲရခဲ့ပါတယ်။

ပြင်သစ် ၁ -၂ တောင်အာဖရိက

တစ်မှတ်စီသာရထားတဲ့ ဒီနှစ်သင်းဟာ အုပ်စုတက်ရေးမျှော်လင့်ချက်နဲ့ ကစားလာခဲ့ပါတယ်။ ဒီပွဲမှာ တောင်အာဖရိကအတွက် ဂိုးများကို ပွဲချိန်မိနစ် ၂၀မှာ ကူမာလိုနဲ့ ၃၇ မိနစ်မှာ မပ်ဟီလာတို့က သွင်းယူခဲ့ပြီး ပြင်သစ်အတွက်ဂိုးကို ပွဲချိန် မိနစ် ၇၀မှာ မာလူဒါက သွင်းယူခဲ့ပါတယ်။

အုပ်စု(A) ပွဲစဉ်များ အပြီးမှာ ဥရုဂွေးက အုပ်စုဗိုလ်၊ မက္ကဆီကိုက အုပ်စုဒုတိယနဲ့ ရှုံးထွက်အဆင့်ကို တက်သွားနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

စပိန် ၂ - ၀ ဟွန်ဒူးရပ်စ်

အင်္ဂါနေ့ နံနက်ပိုင်းက အုပ်စု(H)မှ စပိန်နဲ့ ဟွန်ဒူးရပ်စ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်က နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။ စပိန်အတွက်ဂိုးများကို ပွဲချိန် ၁၇မိနစ်နဲ့ ၅၁မိနစ်တို့မှာ ဒေးဗစ်ဗီလာက သွင်းယူခဲ့ပါတယ်။ ၆၂ မိနစ်မှာ စပိန်အသင်း ပယ်နယ်တီ ကန်ခွင့်ရခဲ့ကာ ယင်းပယ်နယ်တီကို ဒေးဗစ်ဗီလာ ကန်သွင်းပေမယ့် ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပါဘူး။

အုပ်စု(A) ပွဲစဉ်များအပြီး ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ဥရုဂွေး	၃	၂	၁	၀	၇
၂	မက္ကဆီကို	၃	၁	၁	၁	၄
၃	တောင်အာဖရိက	၃	၁	၁	၁	၄
၄	ပြင်သစ်	၃	၀	၁	၂	၁

ဝင်းတင် (ကြေးမုံ)

အင်္ဂလန်အသင်း အုပ်စုကျော်ဖြတ်ရေး အမှားမခံတော့ပြီ

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(C)နဲ့ အုပ်စု(D)ပွဲစဉ်များကို ဇွန် ၂၃ ရက်မှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ရာ အုပ်စု(C)မှ အင်္ဂလန်အသင်းနဲ့ အုပ်စု(D)မှ ဂျာမနီအသင်းတို့အတွက် အမှားမခံတော့တဲ့ အနေအထားကို ရောက်ရှိလာပါပြီ။

ဆလိုဗေးနီးယား-အင်္ဂလန်

၂၃-၆-၂၀၁၀(ဗုဒ္ဓဟူးနေ့)

ည ၉း၃၀ နာရီ

တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ရထားတဲ့ ဆလိုဗေးနီးယားဟာ အုပ်စုကို ဦးဆောင်နေပြီး အင်္ဂလန်ကတော့ နှစ်ပွဲသရေ နှစ်မှတ်နဲ့ တတိယနေရာမှာ ရှိနေပါတယ်။ ဆလိုဗေးနီးယားအတွက် အုပ်စုကိုကျော်ဖြတ်ရေး အမှတ်လိုနေသေးသလို အင်္ဂလန်ကလည်း အမေရိကန်နဲ့ ရမှတ်တူနေတာကြောင့် ဒီပွဲမှာ ဂိုးပြတ်သွင်းနိုင်ဖို့ လိုအပ်နေပါတယ်။ ဒါကြောင့် ဒီပွဲမှာ အင်္ဂလန်အတွက် ဘယ်လိုမှ အမှားမခံနိုင်တော့တဲ့ အနေအထားကို ရောက်ရှိနေပြီဖြစ်တာကြောင့် နည်းပြကပယ်လို ဘယ်လိုလူအခင်းအကျင်းနဲ့ ယှဉ်ပြိုင်သွားမလဲဆိုတာ စောင့်ကြည့်ရမှာပါ။

အမေရိကန်-အယ်လ်ဂျီးရီးယား

၂၃-၆-၂၀၁၀(ဗုဒ္ဓဟူးနေ့)

ည ၉း၃၀ နာရီ

အမေရိကန်ဟာ အင်္ဂလန်နဲ့ရမှတ်တူပြီး ဒုတိယနေရာမှာ ရှိနေပါတယ်။ အယ်လ်ဂျီးရီးယားကတော့ အုပ်စုကို ကျော်ဖြတ်နိုင်ရေးမျှော်လင့်ချက်က နည်းပါးလွန်းလှပေမယ့် အမေရိကန်ကို ခံကစားလာဦးမှာပါ။ ဒါပေမယ့် အမေရိကန်အတွက် အမှတ်အပြင် ဂိုးအရေအတွက်ကလည်း အရေးကြီးတာကြောင့် အယ်လ်ဂျီးရီးယားကို ခြေကုန်ထုတ် ယှဉ်ပြိုင်လာမှာပါ။

ဩစတြေးလျ-ဆာဘီးယား

၂၄-၆-၂၀၁၀(ကြာသပတေးနေ့)

နံနက် ၁ နာရီ

ဩစတြေးလျက တစ်မှတ်ရထားပြီး ဆာဘီးယားက သုံးမှတ်ရထားပါတယ်။ တစ်ဖက်က ဂျာမနီနဲ့ ဂါနာဆုံတွေ့နေချိန်မှာ ဆာဘီးယားအနေနဲ့ ဩစတြေးလျကို အနိုင်ကစားနိုင်မယ်ဆိုရင်တော့ အုပ်စုကိုကျော်ဖြတ်နိုင်မယ့် အနေအထားပါ။ ဒါကြောင့် ဒီပွဲမှာ ဩစတြေးလျထက်စာရင် ဆာဘီးယားရဲ့ရှုန်းအားကို ပိုကြိုက်ပါတယ်။

ဂါနာ-ဂျာမနီ

၂၄-၆-၂၀၁၀(ကြာသပတေးနေ့)

နံနက် ၁ နာရီ

ဂါနာက ရမှတ်လေးမှတ်နဲ့ အုပ်စုကို ဦးဆောင်နေပြီး ဂျာမနီက သုံးမှတ်နဲ့ ဒုတိယနေရာမှာပါ။ ဒါကြောင့် နှစ်သင်းလုံးအတွက်အမှတ်ဟာ မဖြစ်မနေလိုအပ်နေသေးတာကြောင့် နှစ်သင်းလုံးလူစုံထုတ်ပွဲထွက်လာမှာပါ။ ကစားသမားအင်အားစုဖွဲ့မှုနဲ့ သမိုင်းမှာ ဂျာမနီက သာပေမယ့် ခပ်ကြမ်းကြမ်းခပ်မာမာ ကစားတတ်တဲ့ ဂါနာကြောင့် ဂျာမနီအတွက် ခက်ခဲတဲ့ပွဲတစ်ပွဲဖြစ်လာဦးမှာပါ။

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး အရာတော်(၂) မြစ်ရေတင်စီမံကိန်းနှင့် ရွှေဘိုနှင့် ဝက်လက်မြို့နယ် နွေစပါးရိတ်သိမ်းမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၂

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၆ ရက်တွင် မုံရွာခရိုင် အရာတော်မြို့နယ် မကျီးဇောက်ကျေးရွာအနီးရှိ အရာတော်(၂) မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်ရွက်ချက်၌ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးသည် မြစ်ရေတင်မှ မိုးစပါးစိုက်ပျိုးနိုင်ရေးအတွက် ရေတင်ပေးပို့နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် မကျီးဇောက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် စိုင်နိုင်ကြီးကျေးရွာရှိ နွေစပါးစံပြစိုက်ခင်းများအတွင်း တောင်သူတစ်ဦး၏ ရက် (၉၀) သက်လျှင်စပါးစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှု အခြေအနေကိုလည်းကောင်း၊ ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာရှိ တောင်သူတစ်ဦး၏ ရက် (၉၀) သက်လျှင်စပါးစိုက်ခင်း ရိတ်သိမ်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဥတုရာသီ တောက်ပိုမှီ၏

စစ်တက္ကသိုလ်အမှတ်စဉ်(၁)၁၉၅၅-၅၉ခုနှစ် (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် အထွေထွေပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သန်လျင်မြို့နယ် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဂါလန်နှစ်သောင်းဆံ့ ရေစုကန်ဆောက်လုပ် လှူဒါန်း

ရန်ကုန် ဇွန် ၂၂

သန်လျင်မြို့နယ် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဂါလန် ၂၀၀၀၀ဆံ့ ရေစုကန်တည်ဆောက်လှူဒါန်းပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီတွင် သန်လျင်မြို့ သိမ်ကျောင်းစာသင်တိုက် ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ရေစုကန်အလှူရှင် သန်လျင်မြို့ အမှုထမ်းရပ်ကွက် ခိုင်ရွှေဝါလမ်းနေ ဦးဇော်လင်း-ဒေါ်တင်တင်ညို၊ သား မောင်စိန်ဝင်း၊ သမီး မအေးသဥ္ဇာဇော် မိသားစုက ရေစုကန်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြို့နယ်မီးဘေး ကြိုတင် ကာကွယ်ရေးနှင့် တားဆီးရေးဥက္ကဋ္ဌ ဦးဘိုထွန်း၊ ခရိုင်မီးသတ် ဦးစီးအရာရှိ ဦးဝင်းဝင်း၊ မြို့နယ် မီးသတ်စခန်းမှူး ဦးထွန်းလင်းတို့ထံ ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

အဆိုပါ သိမ်ကျောင်းစာသင်တိုက်ဝင်းအတွင်းရှိ ဂါလန် ၂၀၀၀၀ ဆံ့ ရေစုကန်ကို အလှူရှင် မိသားစုကငွေကျပ် ၄၅ သိန်းကျော် အကုန်အကျခံဆောက်လုပ်ခြင်းဖြစ်ပြီး သန်လျင်မြို့နယ်အတွင်း အရေးပေါ် မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် ဖြည့်ဆည်းကူညီ လှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။ (၅၂၇)

Marlins English For Seafarers သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၂၂

MSI (Maritime Services International Co., Ltd.)က ကြီးမှူး၍ Marlins English For Seafarers သင်တန်းများကို ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info Tech အဆောင် (၁) အခန်း(၈)ရှိ Maritime Training Centre (Hlaing) ၏ Marlins Approved Test Centre ၌ ဖွင့်လှစ်သင်ကြား ပို့ချမည်ဖြစ်သည်။

အဆိုပါ သင်တန်းသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေကြောင်းသွား သင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်မည့်သူများနှင့် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသူများအတွက် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားမည့် သင်တန်းများဖြစ်သည်။

ယခုဖွင့်လှစ်မည့် ဤသင်တန်းသည် International Maritime Organization (IMO) အသိအမှတ်ပြု Marlins English For Seafarers သင်တန်းများဖြစ်သည်။ တက်ရောက်သင်ကြားကြမည့် သင်တန်းသားများအား Marlins Head Office (Glasgow, UK) က ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများအတိုင်း သင်ကြားပို့ချပေးမည်ဖြစ်ပြီး စာမေးပွဲများကိုလည်း Online စနစ်ဖြင့် သင်တန်းကျောင်းရှိ Marlins Apporoved Test Centre ၌ တိုက်ရိုက်ဖြေဆိုရမည်ဖြစ်သည်။

စာမေးပွဲဖြေဆိုအောင်မြင်သူများအား Marlins Head Office (Glasgow, UK) က အောင်လက်မှတ်များကို တိုက်ရိုက်ပေးအပ်မည်ဖြစ်သည်။

သင်တန်းများကို ဇူလိုင်လအတွင်း ဖွင့်လှစ်ရန် စီစဉ်လျက်ရှိရာ တက်ရောက်သင်ကြားလိုသူများအနေဖြင့် Maritime Training Centre (Hlaing) ဖုန်း-၀၁-၇၀၃၂၃၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

မန္တလေး ဇွန် ၂၂

မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီးမှ ဝန်ထမ်းများ၏ သား၊ သမီးများအတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇွန် ၁၈ ရက် နံနက် ၉နာရီက အဆိုပါဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲတွင် ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးကြည်ဝင်းက အမှာစကားပြောကြားပြီး အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား ၃၆ ဦးအတွက် ထောက်ပံ့ငွေကျပ် ၄၅၀၀၀၀ ကို ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများ၏ မိဘများက လက်ခံခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်)ပိုးများသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

NAING Family Co., Ltd, CHERRY OO
No.117/127,33rd Street, Kyauktada Township, Yangon
Ph: 388387, 372806

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **C.F.O(Finance)** မ(၁)ဦး
(က) စီးပွားရေးတက္ကသိုလ်ဘွဲ့ရ၊ အသက်(၃၀-၄၅)နှစ်။
(ခ) ဘဏ္ဍာရေးနှင့်ပတ်သက်သည့် အတွေ့အကြုံ (၃)နှစ်။
(ဂ) C.P.A(သို့) M.B.Aဖြစ်လျှင် ဦးစားပေး။
(ဃ) ကွန်ပျူတာအသုံးချနိုင်။ (MYOB Software)

၂။ **C.A.O(Chief Account)** မ(၁)ဦး
(က) B.Comဘွဲ့ရ၊ အသက်(၃၀-၄၅)နှစ်။
(ခ) လုပ်ငန်းအတွေ့အကြုံ(၃)နှစ်။
(ဂ) LCCI Level(III),MYOB Softwareကျွမ်းကျင်သူ။

၃။ **Manager (Marketing)** ကျား(၁)ဦး
(က) M.B.Aဘွဲ့ရ၊ အသက်(၂၈-၃၅)နှစ်။
(ခ) Marketing နှင့်ပတ်သက်သည့်အတွေ့အကြုံ(၃)နှစ်။
(ဂ) Management နှင့် Relationship ကောင်းမွန်သူ။
(ဃ) အင်္ဂလိပ်(ရေး/ပြော)၊ ကွန်ပျူတာ အသုံးချနိုင်။

၄။ **Manager (Advertising)** ကျား/မ(၁)ဦး
(က) M.B.Aဘွဲ့ရ၊ အသက်(၂၈-၃၅)နှစ်။
(ခ) Advertising နှင့်ပတ်သက်သည့် အတွေ့အကြုံ(၃)နှစ်။
(ဂ) Events,PRများအတွက် မီဒီယာများနှင့်ဆက်သွယ်ဆောင်ရွက်နိုင်သူ။
(ဃ) Creative Idea ကောင်းများဖြင့် တင်ပြနိုင်စွမ်းရှိသူ။
(င) အင်္ဂလိပ်(ရေး/ပြော)၊ ကွန်ပျူတာအသုံးချနိုင်သူ။

၅။ **Manager (Administration)** ကျား(၁)ဦး
(က) ဘွဲ့ရအသက်(၂၈-၄၀)နှစ်။
(ခ) စီမံခန့်ခွဲမှု အတွေ့အကြုံ(၃)နှစ်။
(ဂ) စီမံခန့်ခွဲမှုဆိုင်ရာ လက်မှတ်ရှိလျှင်ဦးစားပေး။
(ဃ) ဆိုင် Decorationပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ အရည်အသွေးလိုအပ်။

၆။ **Manager (Brand)** ကျား/မ(၃)ဦး
(က) M.B.A ဘွဲ့ရ၊ အသက်(၂၈-၃၅)နှစ်။
(ခ) Sales & Marketing အတွေ့အကြုံ(၃)နှစ်။
(ဂ) အင်္ဂလိပ်(ရေး/ပြော)ကွန်ပျူတာအသုံးချနိုင်။
(ဃ) ဈေးကွက်ထိုးဖောက်နိုင်။

၇။ **Assistant Manager(Brand)** ကျား/မ(၃)ဦး
(က) M.B.A ဘွဲ့ရ၊ အသက်(၂၈-၃၅)နှစ်။
(ခ) Sales & Marketing အတွေ့အကြုံ(၂)နှစ်။
(ဂ) အင်္ဂလိပ်(ရေး/ပြော)၊ Chanise(ရေး/ပြော)ကွန်ပျူတာအသုံးချနိုင်။

၈။ **Executive (Marketing)** ကျား(၅)ဦး
(က) ဘွဲ့ရ၊ အသက်(၂၅-၃၀)နှစ်။
(ခ) အရောင်းအတွေ့အကြုံ(၂)နှစ်။
(ဂ) နာရီဗဟုသုတရှိလျှင် ဦးစားပေး။
(ဃ) သွက်လက်ဖျတ်လတ်၍ ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူ။

၉။ **Graphic Designer** ကျား/မ(၅)ဦး
(က) ဘွဲ့ရ၊ အသက်(၂၅-၃၀)နှစ်။
(ခ) လုပ်ငန်းအတွေ့အကြုံ(၂)နှစ်။
(ဂ) Illustrator CS2,Photo Shop CS2 အသုံးပြုနိုင်။
(ဃ) Creation တွင်စိတ်အားထက်သန်၍ Team Work စိတ်ရှိသူ။

၁၀။ **Accountant** မ(၅)ဦး
(က) B.Com,B.Act ဘွဲ့ရ။
(ခ) လုပ်ငန်းအတွေ့အကြုံ(၁)နှစ်။
(ဂ) အသက်(၂၂-၂၆)နှစ်။
(ဃ) LCCI Level(III),MYOB Software ကျွမ်းကျင်သူ။

၁၁။ **Sales Promoter** ကျား(၂၀)ဦး
(က) ဘွဲ့ရ၊ အသက်(၂၂-၂၆)နှစ်။
(ခ) အရောင်းအတွေ့အကြုံ (၁)နှစ်။
(ဂ) အပြောအဆို အမူအရာယဉ်ကျေးသူ။
(ဃ) ရုပ်ရည်သန့်ပြန့်၍ သွက်လက်ဖျတ်လတ်သူ။

ရာထူးအလိုက် လျှောက်ထားသူများသည် CV၊ ပညာအရည်အချင်း အထောက်အထား(မိတ္တူ)၊ အကျင့်စာရိတ္တထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း(မိတ္တူ)၊ အထောက်အထားများနှင့်တကွ သတ်မှတ်အရည်အချင်းပြည့်စုံပါက မန်နေဂျာ(HRD) ချယ်ရီဦးရုံးချုပ်သို့ အထက်ပါလိပ်စာအတိုင်းကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁-ဘီ)၊ မြေကွက်အမှတ် (၁၀၆)၊ ဧရိယာ (၀. ၀၂၆)ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၅-လမ်း၊ အမှတ်(၅၀)ဟုခေါ်တွင်သည့် မြေကွက်နှင့်အဆောက်အအုံ အပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဦးသိန်းအောင် [၁၂/ပဘတ(နိုင်)၀၂၆၁၆၀]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်
LL.B, DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး
B.Sc, Hon(IC), HGP, R.L, D.B.L
တရားရုံးချုပ်ရှေ့နေများ
အမှတ်-၂၇ (က)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
Tel:294866, 294766, HP:09-5017044

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/၂၀၁၀) ထုတ်ပြန်

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ ပြည့်နှစ် ဇွန် ၂၁ ရက်စွဲဖြင့် ညွှန်ကြားချက်အမှတ် (၂/၂၀၁၀)ကို ထုတ်ပြန်လိုက်သည်။

အဆိုပါညွှန်ကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ညွှန်ကြားချက်အမှတ် (၂/၂၀၁၀)
၁၃၇၂ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ရက်
(၂၀၁၀ပြည့်နှစ်၊ ဇွန်လ ၂၁ရက်)

အကြောင်းအရာ။ ။နိုင်ငံရေးပါတီများ ပါတီဝင်အင်အားစုဆောင်းခြင်း

နိဒါန်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပပေးနိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများ တည်ထောင်ခွင့်ပြုခြင်းနှင့် မှတ်ပုံတင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများသည် ပုဒ်မ ၁၀ နှင့်ကိုက်ညီသော ပါတီဝင်များကို စည်းရုံးပြီး ပုဒ်မ ၁၁ နှင့် နည်းဥပဒေ ၁၃(က) (ခ)တို့အရ သတ်မှတ်ထားသည့် ပါတီဝင်အင်အားပြည့်မီအောင် စည်းရုံးရရှိပြီးဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရမည်ဖြစ်ပါသည်။

၃။ သို့ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက သတ်မှတ်ပါတီဝင်အင်အား စုဆောင်းရရှိရေးအတွက် စည်းရုံးရာတွင် ဥပဒေနှင့်အညီ စနစ်တကျဖြစ်စေရန် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၆အရ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

ဆောင်ရွက်ရန်နည်းလမ်းများ

၄။ နိုင်ငံရေးပါတီများသည် သတ်မှတ်ပါတီဝင်အင်အား စုဆောင်းရရှိရေးအတွက် အောက်ဖော်ပြပါနည်းလမ်းများကို အသုံးပြုနိုင်သည်-

(က) သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်သည့်နေရာတွင် စုဝေးခြင်းနှင့် ဟောပြောတင်ပြခြင်း၊

(ခ) ရေးသားပုံနှိပ်ထုတ်ဝေတင်ပြခြင်း။

စုဝေးခွင့်နှင့် ဟောပြောခွင့်လျှောက်ထားခြင်း

၅။ သတ်မှတ်သည့်နေရာတွင် စုဝေးခြင်းနှင့် ဟောပြောခြင်း ပြုလုပ်လိုသော နိုင်ငံရေးပါတီများသည် အောက်တွင်ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ အနည်းဆုံး ခုနစ်ရက်ကြိုတင်၍ ခွင့်ပြုမိန့်လျှောက်ထားရမည်-

(က) ပြည်နယ် သို့မဟုတ် တိုင်း ကော်မရှင်အဖွဲ့ခွဲ ရုံးစိုက်ရာ မြို့နယ်များအတွက် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်း ကော်မရှင်အဖွဲ့ခွဲ၊

(ခ) ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးစိုက်ရာ မြို့နယ်များအတွက် သက်ဆိုင်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ *